# [illegible]

Y M
B A

ရန်ကုန်မြို့

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း

မှထုတ်ဝေသော

# ရုပ်စုံဗုဒ္ဓသာသနာဝင်

အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ

ရေးသားတော်မူသည်

ပန်းချီကထိက ဦးဗကြည်

ပုံတော်များ ရေးဆွဲသည်

# နိဒါန်း။

ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း (ဝိုင်၊အမ်၊ဘီ၊အေ၊)၏ အမှုဆောင်ကော်မီတီဖြစ်ကြသော ကျွန်တော်များသည် ကမ္ဘာအနှံ့အပြား နိုင်ငံတော်အသီးသီးတို့၌ ဗုဒ္ဓဝါဒဗုဒ္ဓသာသနာရောင် ထွန်းလင်းသည်ထက် သာ၍ထွန်းလင်းတောက်ပြောင်စေရန်အလို့ငှါ ရဟန်းပညာရှိ၊လူပညာရှိတို့၏ အကူအညီဖြင့် ဤရုပ်စုံဗုဒ္ဓသာသနာဝင်ကျမ်းကိုစီစဉ်၍ ဖြန့်ချိရခြင်းဖြစ်ပါသည်။

ဤရုပ်စုံဗုဒ္ဓသာသနာဝင်ကျမ်းတွင် ဗုဒ္ဓမြတ်စွာ၏အလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝမှစ၍ ပရိနိဗ္ဗာန် ပြုတော်မူသည့် အခါတိုင်အောင် ပါဝင်သော ဗုဒ္ဓဝင်အခဏ်းပေါင်း များစွာတို့ကိုရင်း၊ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုတော်မူသောအခါမှ စ၍ မြန်မာနိုင်ငံတော် ပဌမ သံဂါယနာတင် ဘဝရှင်မင်းတရားလက်ထက်တော်တိုင်အောင် ပါဝင်သော သာသနာဝင် အခဏ်းပေါင်းများစွာတို့ကိုရင်း၊ ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်များမှစ၍ ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့၌ အာရုံစူးစိုက် လေ့လာလိုသောဆန္ဒ ထွက်ပေါ်ထက်သန်လာစေရန် ရည်ရွယ်၍ မြန်မာ့ရိုးရာ ပန်းချီပညာ သက်သက်ဖြင့် ရုပ်လုံးဖေါ်ထားခြင်းဖြစ်ပါသည်။

ဤရုပ်စုံ ဗုဒ္ဓသာသနာဝင်ကျမ်းကို ပြုစုဖြန့်ချိရခြင်းအားဖြင့် ဗုဒ္ဓသာသနာ့အလင်းရောင်သည် ဆတက်ထမ်းပိုး တိုးတက်ထွန်းပြောင်လျက် ငြိမ်းချမ်းစိုပြည်ဝပြောသာယာသည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်မြဲပါစေသတည်း။

ဤရုပ်စုံ ဗုဒ္ဓသာသနာဝင်ကျမ်း ပြီးမြောက်သည် တိုင်အောင် အကြံဉာဏ်အားဖြင့်ရင်း၊ ကာယကံမြောက်အားဖြင့်ရင်း၊ ကူညီချီးမြှောက် အားပေးတော်မူကြသော ပညာရှင် အပေါင်းတို့အားရင်း၊ အထူးအားဖြင့် မြန်မာစာမူများကိုရေးသားချီးမြှင့်တော်မူသော (အသျှင်ဇနကာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ) သူမြတ်အားရင်း၊ ကျွန်တော်များအသင်းက ကျေးဇူးဥပကာရ တင်လျက်ရှိပါကြောင်း။

၁၃၁၃ ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊
၁၉၅၁ ခု၊ နိုဝဘာလ ၁၃ ရက်နေ့၊

ဝိုင်၊အမ်၊ဘီ၊အေ၊အသင်း၊ ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

# ဗုဒ္ဓသာသနာဝင်



## ၁။ သုမေဓါ သူဌေးကလေး ပစ္စည်းများ စွန့်ကြဲနေပုံ။

ဘုရားအလောင်းသည် ဘုရားဖြစ်ဘို့ရန် ဆုတောင်းမည့်ဘဝ၌၊ ''သုမေဓါ''၊ ဟူသော အမည် အားဖြင့် ဆင်ရှားသော သူဌေးသား ဖြစ်ခဲ့ဘူးလေသည်၊ သူ၏အမိအဘတို့သည် သူငယ်ရွယ်စဥ်ကပင် သေဆုံးကြလေ၏။ ရွှေတိုက်ငွေတိုက်စသော ပစ္စည်းဥစ္စာ ရတနာတိုက်ကြီးတွေ များစွာ ကျန်ရစ်၏။ တဆဲ့ခြောက်နှစ်ရှိ၍ ပညာတတ်ပြီးသောအခါ ပစ္စည်းထိန်းမင်းကြီးက ပစ္စည်းအားလုံးကို သူ့အား လွှဲအပ်လေသည်။

သုမေဓါသူဌေးသားကလေး စဥ်းစားသည်မှာ၊ ''ငါ၏ဘိုးဘွားမိဘတို့သည် ပစ္စည်းကို ရှာရုံသာ ရှာတတ်၍ ယူမသွားတတ်ကြပါတကား၊ ငါသည် စွန့်ကြဲပေးကမ်း၍ ကုသိုလ်ကို ငါ့နောက်ပါအောင် ယူသွားမည်''၊ ဤသို့ စဥ်းစားပြီးလျှင် ရတနာတိုက်တို့ကို ဖွင့်၍ အလိုရှိသူ ယူရစ်ကြလော့၊ ဟု ကြွေးကြော်ကာ ဟိမဝန္တာတောသို့ ထွက်ခွါ၍ ရသေ့ရဟန်း ပြုလုပ်သွားလေသည်။





၁။ သုမေဓာသူဌေးကလေးပစ္စည်းများစွန့်ကြဲနေပုံ။

## ၂။ ။သုမေဓါ နှင့် သုမိတ္တာတို့ ဗျာဒိတ် ခံယူနေပုံ။



ဘုရားအလောင်း သုမေဓါရှင်ရသေ့သည် ဈာန် အဘိညာဉ်ရ၍ ကောင်းကင် ခရီးဖြင့် ကြွသွားစဉ် ဒီပင်္ကရာမြတ်စွာဘုရား ကြွလာတော်မူရန်၊ ''ရမ္မာ''၊ မြို့သူမြို့သားတို့ လမ်းပြင်နေကြသည်ကို မြင်ရ၍ ကောင်းကင်မှ ဆင်းကာ နေရာတကွက်ကို တောင်းယူပြင်ဆင်နေတုန်းမှာပင် ရဟန္တာများနှင့်အတူ ဘုရားရှင် ကြွလာတော်မူသောကြောင့် ပြင်၍ မပြီးသေးသော ရွှံ့ညွှန်ပေါ်မှာ မိမိကိုယ်ကို တံတားခင်း၍ မှောက်စင်းနေလေသည်။

ထိုအချိန်မှာ၊ ''သုမိတ္တာ''၊မည်သော အမျိုးသမီးကလည်း ကြာပန်းရှစ်စည်းတွင် ၅ စည်းကို ဘုရားရှင်အား လှူဘို့ရန် ရသေ့၏ လက်သို့ ကမ်းလှမ်း၍ ၃ စည်းကို မိမိကိုယ်တိုင် လှူဒါန်းလေသည်၊ ဘုရားရှင်သည် ထိုသူ ၂ ယောက်၏ နောင်ရေးနောင်တာကို ဆင်ခြင်တော်မူကာ— ''ဤရှင်ရသေ့သည် ဂေါတမဘုရား ဖြစ်လိမ့်မည်၊ ဤအမျိုးသမီးကား ပါရမီဖြည့်ဘက် ဖြစ်လိမ့်မည်''ဟု ဗျာဒိတ်ပေးတော်မူသည်။



၂။ သုမေဓာနှင့် သုမိတ္တာတို့ ဗျာဒိတ်ခံယူနေပုံ။



## ၃။ ။အလောင်းတော်နတ်သားကို နတ်ဗြဟ္မာများက တုသိတာနတ်ပြည်မှ စုတေဘို့ရန် တောင်းပန်နေပုံ။



ဘုရားအလောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် ပါရမီကုသိုလ်များကို ဖြည့်ကျင့်၍ ဘုရားမဖြစ်မီ တဘဝ၌ တုသိတာနတ်ပြည်ဝယ်၊ ''သေတကေတု''မည်သော နတ်မင်း ဖြစ်လေသည်၊ ထိုနတ်မင်းသည် နတ်အသက်စေ့၍ စုတေဘို့ရန် အချိန်နီးလတ်သော် စကြာဝဠာ ကမ္ဘာတသောင်းမှ နတ်ဗြဟ္မာတို့သည် ဘုရားအလောင်းစံရာ တုသိတာနတ်ပြည်သို့ စုပေါင်းလာ ရောက်၍ တောင်းပန်ကြသည်မှာ၊–

အရှင်နတ်သား အရှင်သည် လူနတ်စည်းစိမ်ကို ခံစားဘို့ရာ ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သည် မဟုတ်ပါ၊ သတ္တဝါတို့ကို ကယ်တင်နိုင်သော ဘုရားဖြစ်ဘို့ရာ ဖြည့်ကျင့်ခဲ့ပါသည်။ ယခုအခါ ဘုရားဖြစ်ဘို့ရန် အချိန်တန်ပြီ ဖြစ်ပါ၍ နတ်ပြည်မှစုတေပြီးလျှင် လူ့ပြည်၌ ပဋိသန္ဓေတည်နေတော် မူပါ၊ ဤသို့တောင်းပန်ကြသဖြင့် လူ့ပြည်၌ ပဋိသန္ဓေနေဘို့ရန် ဝန်ခံတော်မူလေသည်။



၃။ အလောင်းတော် နတ်သားကို နတ်ဗြဟ္မာများက တုသိတာ
နတ်ပြည်မှ စုတေဘို့ရန် တောင်းပန်နေပုံ။

## ၄။ ။ဘုရားအလောင်း သန္ဓေတည်ချိန်၌ မယ်တော်မာယာ အိပ်မက်မြင်ပုံ။

ဝါဆိုလပြည့်နေ့၌ မယ်တော်မာယာသည် နံနက်စောစောကပင် အလှူဒါနကြီးကိုလှူ၍ ဥပုသ်စောင့်သုံးပြီးလျှင် အသရေရှိသော တိုက်ခန်းသို့ ဝင်၍ သလွန်တော်၌ လျောင်းစက်အိပ်ပျော်စဉ် ထူးဆန်းသော အိပ်မက်ကို မြင်သည်မှာ—နတ်မင်းကြီး ၄ ယောက်တို့သည် ဟိမဝန္တာ၌ရှိသော ဆေး ဒန်းမြင်းသိလာ ကျောက်ဖျာအပြင်သို့ သလွန်တော်နှင့်တကွ ဆောင်ယူ၍ အင်ကြင်းပင်ကြီး အောက်၌ ချထားကြလေသည်။

ထို့နောက် နတ်မိဖုရားတို့က အနဝတတ်အိုင်သို့ ဆောင်ယူ၍ ရေချိုးပေးပြီးလျှင်၊နတ်အဝတ်များကို ဆင်ယင်စေပြီးမှ ငွေတောင်အတွင်း၌ ရှိသော ရွှေဗိမာန်သို့ သွင်း၍ ဒိ်ရာ၌အိပ်စေကြလေသည်၊ ထိုအခါ ဘုရားအလောင်းသည် ဆင်ဖြူတော်ဖြစ်၍ သူ၏နေရာ ရွှေတောင်ပေါ်မှ သက်ဆင်းကာ ငွေတောင်သို့ လာပြီးလျှင်ရွှေဗိမာန်သို့ဝင်ပြီးနောက် မယ်တော်၏ လက်ယာနံပါးကို ဖေါက်၍ဝင်သကဲ့သို့ မြင်မက်လေသည်။





၄။ မယ်တော်မာယာအိပ်မက်မြင်ပုံ။



## ၅။ ။လုမ္ဗိနီဥယျာဉ်၌ ဘုရားအလောင်း ဖွားမြင်တော်မူပုံ။

ဘုရားအလောင်း ပဋိသန္ဓေနေ၍ ဆယ်လပြည့်ရာ ကဆုန်လပြည့်အခါဝယ်၊ မယ်တော်မာယာသည် ဆွေတော်မျိုးတော်များ၏နေရာ ဒေဝဒဟပြည်သို့ သွားလိုပါကြောင်း သုဒ္ဓေါဒနမင်းအား အခွင့်တောင်းလေသည်၊ သုဒ္ဓေါဒနမင်းသည် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ သွားသောလမ်းတလျှောက်လုံး တန်ဆာဆင်စေ၍ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူစေလေရာ၊ ခရီးအကြား၌ လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်ကို ခေတ္တဝင်တော်မူလေသည်။

ထိုအချိန်မှာ ဥယျာဉ်တခုလုံး၌ အင်ကြင်းပန်းတွေ ပွင့်နေသဖြင့် အလွန်သာယာပေသည်၊ မယ်တော်မာယာသည် အင်ကြင်းကိုင်းကို လက်တော်ဖြင့် လှမ်းလိုက်တုန်းမှာ ဝမ်းတော်လှုပ်လာသောကြောင့် အဝတ်အကာအရံကို ကာရံစေကာ မတ်မတ်ရပ်လျက်သာလျှင် ဘုရားအလောင်းတော်ကို ဖွါးမြင်စေလေသည်၊ ထိုအခါ ဗြဟ္မာမင်းများက ရွှေဇာတဘက်ဖြင့် ခံယူ၍ မယ်တော်ရှေ့၌ပြကာ၊ ''ဘုန်းတန်ခိုးရှိသောသားရတနာ ဖွါးမြင်ပါပြီ၊''ဟု ပြောဆိုကြလေသည်။





၉။ လုမ္ဗိနီဥယျာဉ်၌ ဘုရားအလောင်းဖွားမြင်တော်မူပုံ။



## ၆။ ။ဘုရားအလောင်း လေးအတတ်ပြပြီး၍ ယသော်ဓရာနှင့် နန်းသိမ်းပွဲခံပုံ။

ဘုရားအလောင်း တဆဲ့ခြောက်နှစ်အရွယ်ရှိသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဆွေတော် မျိုးတော် မင်းများ အထံသို့ သမီးရတနာ ပို့ဆက်လာရန် ရာဇသံ ပေးလေသည်၊ သမီးရှင် မင်းကြီးများသည် ဘုရားအလောင်းကို၊ ''အဆင်းသာလှ၍ ပညာမတတ်''ဟု ကဲ့ရဲ့ကာ သမီးရတနာကို မပို့ဘဲ နေကြလေသည်၊ ထိုအကြောင်းကို သုဒ္ဓေါဒနမင်းက သားတော်အား ပြောပြလေရာ၊ ထိုအချိန်မှာ အခက်ဆုံး လေးအတတ်ကို ပြဘို့ရန် ဝန်ခံလိုက်လေသည်။

ထိုအခါ နေပြည်တော်တွင် ထင်ရှားသောလေးဆရာတို့ကို နန်းတော်မြေပြင်၌ စုရုံးစေကာ လေးဆရာ ၄ ယောက်ကို လေးမျက်နှာကထား၍ အလောင်းဘုရားကိုယ်တိုင် အလယ်ကနေပြီးလျှင်၊ ''အသင်တို့က ငါ့ကို တပြိုင်နက် ပစ်ကြလော၊''ဟု ပြောလေသည် ဆရာ ၄ ယောက်တို့ ပစ်သော မြှားတို့ကိုလည်း မိမိကိုမထိအောင် မြှားတစင်းထည်းဖြင့် ကာကွယ်နိုင်လေသည်၊ ဤသို့ လေးအတတ် ပြပြီးမှ ဆက်သလာသော သမီးကညာတို့တွင် ယသော်ဓရာနှင့် နန်းသိမ်းပွဲ ခံယူလေသည်။



၆။ ဘုရှားအလောင်းလေးအတတ်ပြနေပုံ။



## ၇။ ။တောထွက်ခါနီး၌ ယသော်ဓရာ၏နန်းဆောင်သို့ကြွ၍ သားတော်ကို ရှုစားနေပုံ



ဘုရားအလောင်းသည် သက်တော် ၂၉ နှစ် ရှိသောအခါ ဥယျာဉ်တော်သို့ ထွက်တော်မူရာဝယ် မြဟ္မာမင်းတို့ ဖန်ဆင်းပြအပ်သော သူအို သူနာ သူသေ ရဟန်းအားဖြင့် ၄ ပါးသော နိမိတ်ကြီးတို့ကို မြင်ရ၍ လောက၌ နေဘို့ရန် ထိတ်လန့် ကြောက်ရွံ့တော်မူရကား "ယနေ့ ပင် တောသို့မြန်း၍ ရဟန်းပြုမည်ဟု" ကြံစည်တော်မူလေသည်၊ ထိုအချိန်မှာပင် သားတော်ဖွါးမြင် ကြောင်းကိုလည်း သံတော်ဦး တင်လာလေသည်။

ထို့နောက် နန်းတော်သို့ ပြန်ကြွ၍ ခေတ္တမျှ စက်တော်ခေါ်ကာ နိုးလာသည့်အခါဝယ် များစွာသောမောင်းမတို့ အိပ်ပျော်နေကြဟန်ကို သုသာန်လို ထင်လာသဖြင့် လွန်စွာငြီးငွေ့ရကား ယခုပင်တောထွက်အံ့ဟု ဆုံးဖြတ်တော်မူပြီးလျှင် ဆန္ဒအမတ်အား ကဏ္ဍကမြင်းတော်ကို ဆက်သဘို့ အမိန့်ပေး၍ တခါမျှ မမြင်ရသေးသော သားတော်ကလေးကို ရှုစားတော်မူရန် ယသော်ဓရာ ဆောင်နန်းသို့ ကြွလှမ်းတော်မူလေသည်။



၇။ တောထွက်ခါနီး၌ ယသော်ဓရာ၏ နန်းတော်သို့ကြွ၍
သားတော်ကို ရှုစားပုံ။

# ၁။ ဘုရားအလောင်း မြို့တော်မှထွက်ခါနီး မာရ်နတ် တားဆီးနေပုံ

ဘုရားအလောင်းတော်သည် ယသော်ဓရာဆောင်နန်းမှ ထွက်ခွါ၍ မြေပြင်သို့ ဆင်းသက်လာပြီးလျှင် အဆင်သင့် ပြင်ထားပြီးသော ကဏ္ဍကမြင်းတော်ကို စီးလျက် မြင်းမြီးကိုဆွဲကိုင်သော ဆန္နအမတ်နှင့်အတူ သန်းခေါင်အချိန်မှာ တောထွက်တော်မူလေသည်၊ မြို့တံခါးအနီး ရောက်သောအခါ မာရ်နတ်မင်းသည် ကောင်းကင်၌ ရပ်လျက် ''၇ ရက်ကြာလျှင် စကြာရတနာ ဆိုက်ရောက်ပါတော့မည်, တောမထွက်ပါနှင့်''ဟု တားဆီးလာလေသည်။

ထိုအခါ ဘုရားအလောင်းက ''အိုမာရ်နတ် စကြာရတနာ ဆိုက်ရောက်လာမည့်အကြောင်းကို ငါသိပြီးပင် ဖြစ်သည်၊ ထိုစကြာရတနာကို ငါအလိုမရှိပါ၊ ဘုရားဖြစ်ပြီး၍ သတ္တဝါအများအား ကယ်တင်နိုင်ခြင်းကိုသာ ငါအလိုရှိသည်'' ဟု ပြန်၍ပြောပြီးလျှင် မြို့တံခါးစောင့်နတ်သားက အဆင်သင့် ဖွင့်ထားသော တံခါးဖြင့် ထွက်တော်မူလေရာ, နတ်ဗြဟ္မာအပေါင်း ခြံရံကာဖြင့် လွန်စွာကြည်နူးဘွယ် ကောင်းပေသည်။



၈။ ဘုရားအလောင်းမြို့တော်မှ ထွက်ခါနီး မာရ်နတ် တားဆီး နေပုံ။



## ၉။ ။ဘုရားအလောင်း ဆံတော်ပယ်၍ ရဟန်းပြုတော်မူပုံ



သန်းခေါင်အခါ၌ တောထွက်တော်မူလာသော ဘုရားအလောင်းသည် နံနက်လင်းသော အခါ ''အနော်မာ'' မြစ်ကမ်းသို့ ဆိုက်ရောက်တော်မူ၍ ကဏ္ဍကမြင်းတော်အစွမ်းဖြင့် ရှစ်ဥသဘ ဝေးကွာသော ဟိုဘက်ကမ်းသို့ ကျော်လွှမ်းတော်မူလေသည်၊ ထို့နောက် ဆင်ဝတ်တော်မူသော တန်ဆာနှင့်မြင်းတော်ကို ဆန္နအားအပ်၍ တိုင်းပြည်သို့ပြန်ကြတော့ဟု စေလွှတ်တော်မူပြီးလျှင် အနော်မာသောင်အပြင်ဝယ်သန်လျက်ဖြင့် ဆံတော်မြတ်ကို ပယ်ဖြတ်တော်မူလေသည်။

ထိုသို့ပယ်၍ ''ဘုရားဖြစ်မည်မှန်လျှင် ဆံတော်သည် ကောင်းကင်မှာတည်ပါစေသား'' ဟု မိန့်ဆိုခန်း၍မြှောက်လိုက်ရာ ကောင်းကင်၌တည်သော ဆံတော်ကို ရွှေကလပ်ဖြင့် သိကြားမင်းခံယူ၍ တာဝတိံသာနတ်ပြည်ဝယ် ''စူဠာမဏိစေတီ'' တည်ထားလေသည်၊ ထို့နောက် ဃဋီကာရမြဟ္မာ ဆက်ကပ်လာသော သက်န်းဖြင့် ရဟန်းပြုတော်မူ၍ ဝတ်လဲတော် ပုဆိုးကိုလည်း ဃဋီကာရ မြဟ္မာမင်းယူ၍ မြဟ္မာ့ပြည်ဝယ် ဒုဿစေတီ တည်ထားကိုးကွယ်လေသည်။



၉။ ရဟန်းပြုရန် ဘုရားအလောင်းဆံတော်ပယ်ပုံ။



## ၁၀။ ။ဘုရားအလောင်း တောထွက်ခါစ၌ ဗိမ္ဗိသာရမင်းက ထီးနန်းလှူပုံ။

ဘုရားအလောင်းသည် ရဟန်းပြုပြီးနောက် ၇ ရက်လောက် ကြာသောအခါ ရာဇဂြိုဟ်မြို့သို့ ကြွလာ၍ ဆွမ်းခံဝင်တော်မူ၏၊ ထိုခေတ်၌ ရသေ့ရဟန်း ဆိုသူတို့ဝယ် သပ္ပါယ် တင့်တယ်သူကို တွေ့ရခဲ၏၊ မတင့်မတယ်နှင့် အရွယ်ကြီးများကိုသာ အများအပြား တွေ့နေရသော မြို့သူမြို့သားတို့သည် အရွယ်အားဖြင့် ၂၉ နှစ် မျှသာ ရှိသေး၍ စကြာမင်း အမှတ်လက္ခဏာ စုံလင်စွာ ပါသော ဘုရားအလောင်းကို တအံ့တသြ ကြည့်ကြလေသည်။

ဘုရားအလောင်းသည် ဆွမ်းခံပြီး၍ ပဏ္ဍဝတောင်သို့ ကြွတော်မူကာ ဆွမ်းဘုဉ်းပေးလေရာ ဗိမ္ဗိသာရမင်းလည်း ရောက်လာ၍ ရုပ်လက္ခဏာကို မြင်ရုံမျှဖြင့် ဇာတ်မြင့်သော မင်းသားတပါး ဖြစ်တန်ရာ၏ဟု စဉ်းစားပြီးလျှင် ထီးနန်းစည်းစိမ်ကို လွှဲအပ်လေသည်၊ ဘုရားအလောင်းသည် ထီးနန်းစည်းစိမ် မလိုလားဘဲ ဘုရားဖြစ်လိုကြောင်းကို မိန့်တော်မူလျှင် ဘုရားဖြစ်သောအခါ ပဌမ ကြွလာဘို့ရန် တောင်းပန်လိုက်လေသည်။





၁၀။ ဘုရားအလောင်းတော်အားပဏ္ဍဝတောင်ခြေ၌ ဗိမ္ဗိသာရ
မင်းကြီးက ထီးနန်းကိုလှူပုံ။



## ၁၁။ ဒုက္ကရစရိယာကျင့်၍ ကိုယ်တော်၏ အသွေး အသား ခေါင်းပါးနေပုံ



ဘုရားအလောင်းသည် ရဟန်းပြုပြီးနောက် ဆရာဖြစ်ထိုက်သူကိုရှာရာ, အာဠာရနှင့် ဥဒက ရသေ့တို့ကိုတွေ့၍ ထိုရသေ့တို့ အထံမှ လောကီဈာန်မျှကိုသာ နည်းခံရသဖြင့် အားရတင်းတိမ် ခြင်းမရှိဘဲ တရားထူးကို ဆက်လက်ရှာဘွေကာ ဥရုဝေလာတောသို့ ရောက်တော်မူသည်၊ ထို့ နောက် သေနာနိဂုံးသို့ ဆွမ်းခံဝင်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ဆွမ်းခံသွားရသည်ကိုပင် တရားအလုပ် အနှောင့်အယှက်ဟု ထင်သောကြောင့် ဒုက္ကရစရိယာကို စ၍ကျင့်တော်မူလေသည်။

သာမန်လူတို့ ကျင့်နိုင်ခဲသော အကျင့်ကို ဒုက္ကရစရိယာဟုခေါ်သည်၊

ကျင့်ပုံအစဉ်မှာ—ဆွမ်းမစားဘဲ အလိုလို ကြွေကျသော သစ်သီးကိုသာ ကောက်ယူ စား၏၊ ထို့နောက် သစ်ပင်ရှိရာသို့သွား၍ မကောက်ဘဲ မိမိသစ်ပင်အောက်က သစ်သီးကိုသာ ကောက် စား၏၊ ထို့နောက် သစ်သီးတလုံး နှမ်းတလုံး ဆန်တလုံးမျှကိုသာ စား၏၊ ဤသို့ အစာကို လျှော့သဖြင့် အသွေးအသားမရှိတော့ချေ၊ စိုပြည်ဝါဝင်းသောအဆင်းတော်လည်း ညှိမဲသွေ့ခြောက် ကာ အရိုးနှင့်အရေသာ ကျန်လေတော့သည်။



၁၁။ ဒုက္ကရစရိယာကျင့်နေတော်မူပုံ။



## ၁၂။ ။သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းကို ခံယူတော်မူနေပုံ

ဥရုဝေလာတော၏အနီး ''သေနာ'' နိဂုံးကြီးဝယ် သူဌေးကတော်သုဇာတာသည် အပျို ဘဝတုန်းက ညောင်ပင်ကြီးသို့သွား၍ သူဌေးသားကို ရဘို့ရန်နှင့် သားဦးရဘို့ရန် ဆုပန်ခဲ့လေရာ, ထိုဆုအတိုင်း ပြည့်သောကြောင့် နတ်မင်းကြီးက မ-သည်ဟု ထင်၍ နှစ်စဉ် ပူဇော်လေ့ရှိ၏၊ အလောင်းတော်လည်း ၆ နှစ် ပတ်လုံး ပင်ပန်းလှသော အကျင့်ဖြင့် တရားထူး မရသောကြောင့် ဆွမ်းအာဟာရကို မျှတအောင် ဘုဉ်းပေး၍ ကျင့်တော်မူလေပြီ။

အလောင်းတော်သည် သက်တော် ၃၅ နှစ် ပြည့်ရာ ကဆုန်လပြည့်နေ့ နံနက်စောစော အခါတွင် ညောင်ပင်အောက်သို့ ရောက်နေတော်မူစဉ် သုဇာတာသည် မိမိ၏ ကျေးဇူးရှင် နတ်မင်းဟု မှတ်ထင်လျက် တသိန်းတန် ရွှေခွက်နှင့်တကွ နို့ဃနာဆွမ်းကို လှူဒါန်းလေသည်၊ နေရဉ္ဇရာမြစ်ကမ်း၌ ထိုဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ ''ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ရေညာ ဆန်စေသား''ဟု ဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောလိုက်ရာ ရေညာသို့ ဆန်တက်သွားလေသည်။





၁၂။ သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းကို ခံယူတော်မူပုံ။



## ၁၃။ ။ဘုရားဖြစ်တော်မူခါနီး၌ မာရ်နတ်လာ၍ဖျက်ဆီးနေပုံ

ဘုရားအလောင်းတော်သည် သုဇာတာ၏ ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီး၍ နေရဥ္စရာ မြစ်ကမ်း၏ ချမ်းသာယာသော အင်ကြင်းဥယျာဉ်၌ နေ့အဘို့တွင် သန့်စင်နေထိုင်တော်မူကာ ညနေချမ်းမှ ဗောဓိပင်သို့ အကြွတွင် မြက်ရိတ်ပုဏ္ဏားထံ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့ပြီးလျှင် ထိုမြက်ပေါ်မှာပင် "ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ကို မဖျက်တော့အံ့"ဟု ဓိဋ္ဌာန်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရာ ဗြဟ္မာ သိကြား နတ်အများလည်း ထံပါးသို့ ရောက်လာကြလေသည်။

ထိုထိုင်နေပုံကိုမြင်ရ၍ ကေန်မုချ ဗုဒ္ဓဖြစ်တော့မည်ကို သိသော မာရ်နတ်မင်းသည် ထန်ပြင်းသောဒေါသဖြင့် နတ်ပြည်သို့ပြန်သွား၍ စစ်သည်တပ်သား စုဆောင်းကာ မိမိကိုယ်တိုင်ကလည်း လက်နက်မျိုးစုံ ကိုင်လျက် "တက်ကြလော, ဖမ်းကြလော"ဟု ဆော်အော ခြိမ်းခြောက်လေရာ, ဗုဒ္ဓမြတ်စွာ လောင်းလျာသည် ရက်စက်ကြမ်းကြုတ်နေသော သားအပေါ်တွင် မိခင်၏မေတ္တာကဲ့သို့ ဘဝများစွာ အထုံပါသော မေတ္တာတော်အစွမ်းဖြင့် ချမ်းကြည်ဖြူ အောင်တော်မူလေသည်။





၁၃။ ဘုရားဖြစ်တော်မူခါနီး၌ မာရ်နတ်လာ၍ ဖျက်ဆီးနေပုံ။



## ၁၄။ ။ဘုရားအဖြစ်သို့ရောက်တော်မူပုံ။

ဘုရားအလောင်းတော်မြတ်သည် မာရ်နတ်မင်း၏ရန်ကိုအောင်တော်မူပြီး၍ ဗောဓိပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ သဗ္ဗညုဗုဒ္ဓအဖြစ်သို့ မရောက်သမျှ ဤနေရာမှမထဟု ကြီးစွာသော လုံ့လတော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူသောအခါ၊ ညဉ့်ဦးယာမ်၌ လွန်လေပြီးသော ဘဝပေါင်း များစွာကိုပြန်၍အောက်မေ့ဆင်ခြင်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊သန်းခေါင်ယာမ်၌ သုံးဆဲ့တဘုံလုံး၌ဖြစ်ပျက်၍နေကြကုန်သော သတ္တဝါအားလုံးကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယာမ်၌ ကိလေသာဟူသမျှကို အကြွင်းမရှိပယ်စွမ်းနိုင်သော အာသဝက္ခယဉာဏ်ကို ရတော်မူပြီးလျှင် သက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်တက်အချိန် လောက သုံးပါး၏အထွတ်အထိပ် သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူလေသည်။





၁၄။ ဘုရားအဖြစ်သို့ ရောက်တော်မူပုံ။



## ၁၅။ ။တပုဿနှင့် ဘလ္လိကညီနောင်တို့အား ပူဇော်ရန် ဆံတော်ချီးမြှင့်ခနပုံ။

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်၍မကြာမီ လင်းလွန်းပင် အောက်၌ သီတင်းသုံးနေတော်မူစဉ် ဥက္ကလာမည်သော ဇနပုဒ်မှ တပုဿနှင့်ဘလ္လိကမည်သော ကုန်သည်ညီနောင် ၂ ယောက်တို့သည် ဘုရားပွင့်ရာ မဇ္ဈိမဒေသသို့ ကူးသန်းရောင်းဝယ်သွားကြ၏၊ ထိုညီနောင်၏ ရှေးဘဝက ဆွေမျိုးတော်စပ်ခဲ့ဘူးသောနတ်သည် ကိုယ်ထင်ပြ၍ ဗုဒ္ဓမြတ်စွာပွင့်တော်မူလာကြောင်းကို ပြောပြီးလျှင် ပါလာသောမုံ့များကို ကပ်လှူကြလေဟု တိုက်တွန်းကာ နေရာကို ညွှန်ပြလိုက်လေသည်။

ထိုညွှန်ပြချက်အရ ဗုဒ္ဓအထံတော်သို့ ချဉ်းကပ်ကြ၍ မိမိတို့မှာ ပါလာသော မုံ့များကို ကပ်လှူကြပြီးလျှင် ''ဗုဒ္ဓမြတ်စွာနှင့် တရားတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏၊ ယနေ့ကစ၍ ဥပါသကာမှတ်တော်မူပါ''ဟု လျှောက်ကြလေသည်၊ ထို့နောက် ''ယနေ့ကစ၍ ဘယ်အရာကို ရိုသေမြတ်နိုး ရှိခိုးရပါမည်နည်း'' ဟု လျှောက်ထားကြပြန်ရာ ဗုဒ္ဓမြတ်စွာသည် လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ငြိကပ်ပါလာသော ဆံတော်များကို သနားချီးမြှင့်တော် မူလိုက်လေသည်။






၁၅။ တပုဿ နှင့် ဘလ္လိကညီနောင်တို့အား ပုဇော်ရန်
ဆံတော်ချီးမြှင့်နေပုံ။



## ၁၆။ ။ပဉ္စဝဂ္ဂီ ငါးယောက်တို့အား ဓမ္မစကြာတရား ဟောတော်မူနေပုံ



ဘုရားအလောင်း ဖွါးမြင်စဉ် ရုပ်လက္ခဏာ ကြည့်ရှုရသော ပုဏ္ဏားရှစ်ယောက်တို့တွင် ၅ ယောက်သောပုဏ္ဏားတို့သည် မုချ ဘုရားဖြစ်လိမ့်မည်ဟု ယုံကြည်ကြသောကြောင့် ရသေ့ရဟန်း ပြုနှင့်ကြ၍ ဘုရားအလောင်း တောထွက်လာသောအခါ ရေပူရေချမ်း ကမ်းလှမ်း ပြုစုနေကြလေသည်၊ ထို့နောက် ဆွမ်းအာဟာရ ဘုဉ်းပေးသည်ကိုမြင်၍ ဘုရားဖြစ်တော့မည် မထင်သောကြောင့် ဘုရားအလောင်းထံမှ ခွဲခွါ၍ ဗာရာဏသီအနီး မိဂဒါဝုန်တော၌ နေကြလေသည်။

ဘုရားဖြစ်တော်မူ၍ တရားဦးဟောထိုက်သူများကို ရှုစားတော်မူသောအခါ ထိုရသေ့ငါးဦး၏ ရင့်သန်သောဉာဏ်ကို မြင်တော်မူရကား ဗောဓိပင်မှ တဆဲ့ရှစ်ယူဇနာ ဝေးကွာသော ဣသိပတန မိဂဒါဝုန်တောသို့ ကြွတော်မူပြီးလျှင် ဝါဆိုလပြည့်နေ့ နေမဝင်မီအချိန်တွင် ထိုပဉ္စဝဂ္ဂီရသေ့ငါးဦးအား ဓမ္မစကြာတရားဦးကို ဟောတော်မူလေရာ, တဆဲ့ရှစ်ကုဋေသော နတ်ဗြဟ္မာတို့နှင့်အတူ အရှင်ကောဏ္ဍည သောတာပန် တည်လေသည်။



၁၆။ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဟောတော်မူပုံ။



## ၁၇။ ။အရှင်ယသတို့ သားအဘ ဘုရားနှင့်တွေ့၍ တရားနာနေပုံ



ဘုရားဖြစ်မည့်နေ့၌ ဃနာနို့ဆွမ်း လှူဒါန်း ဆက်ကပ်သော သုဇာတာ၏ သားဦးရတနာ ဖြစ်သော ''ယသ'' သတို့သားသည် ဘုရားအလောင်းစံနေသကဲ့သို့ ဆောင်းနွေမိုး ဥတု ၃ ပါး နှင့်သင့်တော်သော ပြာသာဒ် ၃ ဆောင်ဖြင့် စံစား၍နေစဉ် ညဉ့်အချိန်မှာ အိပ်ရာမှနိုးလေသော် မတော်မလျော် အိပ်ပျော်နေကြသောအခြွေအရံမိန်းမတစုကိုမြင်၍ သုသာန်ကဲ့သို့ထင်ကာ မိဂဒါဝုန် ဘက်သို့ ညချင်းတွင်း ထွက်လာလေသည်။

ထိုအခါ ဘုရားနှင့်တွေ့၍ တရားနာရသဖြင့် သောတာပန်ဖြစ်ပြီးနောက် လိုက်၍ရှာသော ဘခင်အား သားကိုမမြင်ရအောင် တန်ခိုးဖြင့်ကွယ်ထား၍ ''အသင့်သားကို တွေ့ပါလိမ့်မည်''ဟု မိန့်တော်မူကာ တရားတော်ကို ဟောပြန်ရာ သောတာပန်ဖြစ်၍ ယသ သတို့သားလည်း ရဟန္တာ ဖြစ်လေသည်၊ ထိုအခါ တန်ခိုးတော်ကို ရုပ်သိမ်းလိုက်သဖြင့် သားအဘတွေ့ကြ၍ ယသ လည်း ရဟန်းပြုလေသည်။



၁၇။ အရှင်ယသ တို့သားအဘဘုရှေ့နှင့်တွေ့ပုံ။

## ၁၈။ ဘဒ္ဒဝဂ္ဂီညီနောင်တို့ မိန်းမရှာရင်း ဘုရားနှင့်တွေ့၍ တရားရပုံ



ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီမှ ဥရုဝေလာတောသို့ ပြန်၍ကြွတော်မူစဉ် ခရီးအကြား၌ တောအုပ်တခုသို့ဝင်၍ သစ်ပင်အောက်မှာ ထိုင်နေတော်မူသည်၊ ထိုအချိန်မှာ ကောသလမင်းနှင့် အဘတူဖြစ်သော ဘဒ္ဒဝဂ္ဂီ ညီနောင် ၃ ကျိပ်တို့သည် ထိုတောအတွင်းသို့ ပျော်ပွဲစားလာကြရာ ဇနီးမရှိသောမင်းသားဘို့ ခေါ်လာခဲ့သော ပြည်တန်ဆာမသည် ထိုမင်းသားတို့မေ့မေ့လျော့လျော့ နေစဉ် ဘဏ္ဍာထုပ်ကိုယူ၍ ထွက်ပြေးလေသည်။

ထိုမိန်းမကို အားလုံးလိုက်၍ရှာကြရာ ဗုဒ္ဓ၏အနီးသို့ ရောက်သွားသဖြင့် "မိန်းမတယောက် မမြင်လိုက်ပါလား" ဟု မေးကြလေသည်၊ ဗုဒ္ဓက "မိန်းမရှာမှုနှင့် ကိုယ့်ကိုယ်ရှာမှု ထို ၂ ခုတွင် အဘယ်ရှာမှုက မြတ်သနည်း"ဟု မေးတော်မူ၍ ကိုယ့်ကိုယ်ရှာမှုက မြတ်ပါသည်ဟု လျှောက်ကြသော မင်းသားတို့အား ကာမ၏ အပြစ်နှင့်တကွ သစ္စာ ၄ ပါးကို ဟောပြသဖြင့် တရားရ၍ ရဟန်းပြုကြလေသည်။





၁၈။ ဘဒ္ဒဝဂ္ဂီညီနောင်တို့ မိန်းမရှာရင်း ဘုရားနှင့်တွေ့ပုံ။

## ၁၉။ ၆၀ ကျိပ်သော ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူပုံ



မိဂဒါဝုန်တော၌ ပဌမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ဗုဒ္ဓမြတ်စွာမှတပါး ရဟန္တာ ရဟန်းတော်ပေါင်း ၆၀ ကျိပ်အတိ ရှိလေပြီ၊ ဗုဒ္ဓမြတ်စွာသည် ထို ၆၀ ကျိပ်သောရဟန်းတော်တို့ကို ခေါ်တော်မူ၍ ''ဘိက္ခုတို့....ငါသည် လူနတ်တို့၌ဖြစ်သော တဏှာရာဂကျော့ကွင်းမှ လွတ်ကင်းတော်မူခဲ့ပြီ၊ အသင်တို့လည်း လူနတ်တို့၌ဖြစ်သော တဏှာရာဂကျော့ကွင်းမှလွတ်ကင်းခဲ့ကြကုန်ပြီ'' ဟုစကားစချီ၍ မိန့်တော်မူသည်မှာ—

''သင်တို့ ထိုထို၍၍ လှည့်လည်ကြချေ၊ အစ အလယ် အဆုံး ၃ ပါးလုံး ကောင်းမြတ်၍ အနက်အဓိပ္ပါယ်ပြည့်စုံသော တရားတော်များကို ဟောကြချေ၊ ကိလေသာမြူနည်းပါး၍ ပညာမျက်စိအားကောင်းသော သတ္တဝါများရှိကြပေသည်၊ထိုသတ္တဝါတို့သည် တရားမနာရသောကြောင့် ရသင့်သောတရားထူးမှ ယုတ်လျော့နေကြသည်၊ တရားကို သိလွယ်သူတွေ ရှိကြပေလိမ့်မည်''ဟု မိန့်တော်မူကာ သာသနာပြု လွှတ်တော်မူသည်။





၁၉။ ၆-ကျိပ်သော ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူပုံ။



## ၂၀။ ။မီးတင်းကုပ်တွင်နေသောနဂါးအား တန်ခိုးတော်ဖြင့် ငြိမ်သက်စေတော်မူပုံ။



ဗုဒ္ဓမြတ်စွာသည် ရဟန်းများကိုသာသနာပြုစေလွှတ်တော်မူပြီးမှ ကိုယ်တိုင်လည်းဥရုဝေလာကဿပ, နဒီကဿပ, ဂယာကဿပ, အမည်ရသော ကဿပညီနောင် ၃ ဦး ခေါင်းဆောင်သောရသေ့တထောင်ကို ချွတ်တော်မူရန် ဥရုဝေလာသို့ ကြွတော်မူလေသည်၊ ထိုနေရာရှိ မီးတင်းကုပ်၌ နဂါးမင်းအား တန်ခိုးအမျိုးမျိုးတို့ဖြင့် နှိမ်နင်းပြ၍ ဆုမ္မတော်မူရာ အားလုံး ရဟန်းပြုကြလေသည်၊ ထို့နောက် ထိုရဟန်းတထောင်နှင့်အတူ ဂယာသီသသို့ကြွ၍ တရားဟောတော်မူပြန်ရာ အားလုံး ရဟန္တာဖြစ်လေသည်။

ထိုရဟန်းများနှင့်အတူ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၍ ထန်းတောဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် တသိန်း ၂ သောင်းသောလူတို့နှင့်တကွ ဗိမ္ဗိသာရမင်း အဖူးမြော်လာလေရာ ထိုလူအပေါင်းတို့မှာ ရှင်ကဿပက ဆရာလေလား, ရဟန်းဂေါတမက ဆရာလေလားဟု ယုံမှားဖြစ်ကြသည်ကို အရှင်ကဿပသိ၍ ဘုရားရှင်၏ ခြေတော်ပေါ်၌ ဦးခေါင်းကို တိုက်ပြီးလျှင် ဘုရားရှင်သည်ဆရာ, မိမိက တပည့်ဖြစ်ပါကြောင်းကို အကြိမ်ကြိမ်လျှောက်လေသည်။



၂၀။ မီးတင်းကုပ် တွင်နေသော နဂါးအား တန်ခိုးတော်ဖြင့်
ငြိမ်သက်စေတော်မူပုံ။

## ၂၁။ အရှင်သာရိပုတ္တရာအလောင်း ပရိဗ္ဗိုဇ်သည် အရှင်အဿဇိ၏ တည်ငြိမ်ပုံကို ကြည့်ရှုနေပုံ။





ဗုဒ္ဓမြတ်စွာ၏ တပည့်တို့တွင် အသာဆုံးဖြစ်၍ အဂ္ဂသာဝက ဟု ထင်ရှားသော အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန်တို့သည် ဘုရားအထံမရောက်မီ တရားထူးကို စုံစမ်းကာ သဉ္စည်းဆရာကြီးအထံမှာ ပရိဗ္ဗိုဇ်လုပ်၍နေကြ၏၊ အခါတပါး၌ အရှင်သာရိပုတြာသည် ဆွမ်းခံကြွနေသော အရှင်အဿဇိကိုမြင်၍ ထိုပုဂ္ဂိုလ်သန္တာန်မှာ တရားထူးရှိမည်ဟု အထင်ရှိသဖြင့် နောက်မှ လိုက်သွားလေသည်။

အရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီး၍ ''အရှင်တို့ဆရာသည် အဘယ်တရားမျိုးကို ဟောပါသနည်း''ဟု မေးလေသည်၊ ''ငါတို့ဆရာသည် ဒုက္ခနှင့်ဒုက္ခဖြစ်ကြောင်း ဒုက္ခချုပ်ရာနှင့် ထိုချုပ်ရာသို့ရောက်ကြောင်းလမ်းများကို ဟောတော်မူ၏''ဟု ဖြေတော်မူရာ သောတာပန်ဖြစ်လေသည်၊ ထိုအကြောင်းကို အရှင်မောဂ္ဂလ္လာန်အား ပြောပြ၍ သောတာပန် ဖြစ်ပြန်ရာ တပည့်များနှင့်အတူ ဘုရားထံပြောင်း၍ ရဟန်းပြုကြလေသည်။



၂၁။ အရှင်သာရိပုတ္တရာအလောင်းပရိဗ္ဗိုဇ်သည် အရှင်အဿဇိ
၏တည်ငြိမ်ပုံကို ကြည့်ရှုနေပုံ။

## ၂၂။ ဗိမ္ဗိသာရမင်းသည် သူပုန်ထသောနေရာသို့ စစ်ဗိုလ်များကို စေလွှတ်နေပုံ





ဗိမ္ဗိသာရမင်းသည် သောတာပန်တည်ပြီးသော ကျောင်းဒကာ ဖြစ်သော်လည်း တိုင်းပြည်အုပ်ချုပ်ရေး၌ စစ်တပ်ကိုသာ အားထားနေရပေသည်၊ အခါတပါး၌ တိုင်းစွန်ပြည်ဖျားဝယ် သူပုန်ထသဖြင့် လူအများ ထွက်ပြေးနေရကြောင်း, ရွာအများပင် ပျက်ပြားကုန်ကြောင်းကို ကြားရ၍ သနားခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာဖြစ်ရလေသည်၊ ထိုအခါ ထင်ရှားသောစစ်ဗိုလ်များကို ခေါ်၍ သူပုန်ရှိရာသို့သွားဘို့ရန် အမိန့်ပေးပုံမှာ——

ဂစ္ဆထ ဘဏေ-အမောင်တို့သွားချေကြ၊ ပစ္စန္တံ ဥစ္စိနထ-သူပုန်ဘေးကြောင့် ထွက်ပြေးနေရသောရွာတို့ကို အိမ်ခြေရာခြေတည်၍ စည်စည်ကားကားဖြစ်အောင် လယ်ယာကိုင်းကျွန်းများ လုပ်ကိုင်နိုင်ကြအောင် စောင့်ရှောက်ချေကြ၊ ဤသို့သတ်ဖြတ်တိုက်ခိုက်ဘို့ အမိန့်မပေးဘဲ စောင့်ရှောက်ဘို့သာ အမိန့်ပေးလေသည်၊ ထိုအမိန့်တော်အရ စစ်တပ်လည်းထွက်သွား၍ သူပုန်များကို ငြိမ်းအေးစေကာ ကောင်းမွန်စွာပြန်လာလေသည်။



၂၂။ ဗိမ္ဗိသာရမင်းသည် သူပုန်ထသောနေရာသို့ စစ်ဗိုလ်များကို
စေလွှတ်နေပုံ။



## ၂၃။ ကာဠုဒါယီမထေရ် ပင့်လျှောက်၍ ဘုရားရှင်ကပိလဝတ်ပြည်သို့ ကြွတော်မူပုံ



ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ကြီးရှင် ဗိမ္ဗိသာရမင်းမြတ် လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးတော်မူကြောင်းကို ခမည်းတော်သုဒ္ဓေါဒနမင်း ကြားသိတော်မူ၍ လူပေါင်းတထောင်စီဖြင့် အမတ်ကိုးယောက်ကို ဘုရားပင့်လာဘို့ရန် အတန်တန် စေလွှတ်သော်လည်း စကားပြန်မျှမရဘဲ အားလုံးရဟန္တာဖြစ်၍ ရဟန်းပြုကြလေသော် ကာဠုဒါယီကို ရဟန်းပြုလိုလည်းပြုပါဟု ခွင့်ပြုကာစေလွှတ်ရပြန်လေသည်၊

ကာဠုဒါယီအမတ်သည် ရဟန္တာဖြစ်၍ ရဟန်းပြုပြီးနောက် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူပါရန် လျှောက်သောအခါ နောက်တော်ပါရဟန္တာ ၂ သောင်းနှင့်အတူ ယူဇနာ ၆၀ ဝေးသောခရီးကို တနေ့တယူဇနာကျဖြင့် ၂ လတိတိ ကြွတော်မူလေသည်၊ ကာဠုဒါယီသည် ဘုရားကြွလာ၍ ရောက်သောခရီးကိုသိနိုင်ဘို့ရန် နေ့စဉ်ဈာန်ဖြင့်ကြွ၍ ခမည်းတော်အား ပြောထားသောကြောင့် ဘုရားရောက်မည့်နေ့တွင် အဆင်သင့်ကြိုဆိုနေကြလေသည်။



၂၃။ ကာဠုဒါယီမထေရ်ပင့်လျှောက်၍ ဘုရားရှင်ကပိလဝတ်
ပြည်သို့ ကြွတော်မူပုံ။



## ၂၄။ ။ဆွေတော်မျိုးတော်အလယ် တန်ခိုးပြ၍ ပေါက္ခရဝဿမိုး ရွာချပုံ



သာကီဝင်မင်းမျိုးသည် လွန်စွာ မာန်မာနကြီး၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ရောက်လာတော်မူသောအခါ ငယ်ရွယ်သူတို့ကိုသာ ရှိခိုးစေ၍ ဗုဒ္ဓထက်ကြီးသောမင်းတို့ကား ရှိမခိုးဘဲထိုင်နေကြ၏၊ ထိုအခြင်းအရာကို မြင်ရသော ဘုရားရှင်သည် ကောင်းကင်သို့တက်၍ မင်းကြီးတို့၏ဦးထိပ်ထက်၌ စင်္ကြံကြွလျက် အထက်ပိုင်းကိုယ်မှ မီးအလျှံ, အောက်ပိုင်းကိုယ်မှ ရေအယဉ်, လက်ဝဲမှ မီး, လက်ျာမှ ရေ, ဤသို့ရေမီးအစုံထွက်စေသော တန်ခိုးကို ပြတော်မူသည်။

ဤသို့တန်ခိုးပြ၍ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်တော်မူလေရာ တအံ့သြဖြစ်ကာ သုဒ္ဓေါဒနမင်းကိုယ်တိုင် ဘုရားခြေတော်ကို ဦးတိုက်ရှိခိုးလေသော်, ဆွေမျိုးတော်အားလုံး မနေသာတော့ဘဲ ရှိသေစွာရှိခိုးကြလေသည်၊ ထိုအခါ တိမ်တွေတက်လာ၍ (စိုစေလိုသူကိုသာစို၍, မစိုစေလိုသူများကိုမစိုသော) ''ပေါက္ခရဝဿ''မည်သော မိုးကြီးရွာသဖြင့် သာ၍အံ့သြကာ ဘုရားအပေါ် လေးစားကြလေသည်။



၂၄။ ဆွေတော်မျိုးတော်အလယ် တန်ခိုးပြ၍ ပေါက္ခရဝဿ
မိုး ရွာချပုံ။



## ၂၅။ ။ဘုရားခြေတော်ကို ဦးခေါင်းဖြင့်ပွတ်တိုက်၍ ယသော်ဓရာ ရှိခိုးနေပုံ



ကပိလဝတ်နေပြည်တော်သို့ရောက်၍ နောက်တနေ့၌ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို သုဒ္ဓေါဒနမင်းကြီးလာ၍ နန်းတော်သို့ပင့်ကာ မွန်မြတ်သောအာဟာရတို့ကို ဆက်ကပ် ဘုဉ်းပေးပြီးသည့် အဆုံး၌ တနန်းတော်လုံး အုံးအုံးကြွက်မျှ ဖူးမြော်ကန်တော့ ရောက်ကြသော်လည်း ယသော်ဓယာမိဖုရားကား ''မောင်တော်ဘုရားမှာ ငါ၏ကျေးဇူးရှိလျှင် ကိုယ်တိုင်ကြွလာလိမ့်မည်၊ ထိုအခါကျမှ အားရအောင်ရှိခိုးမည်''ဟု ပြောဆိုကာ မထွက်လာဘဲနေလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ကြွတော်မမူလျှင် ပူပန်အားသဲ၍ ယသော်ဓရာ ရင်ကွဲမည်ကို မြင်တော်မူသောကြောင့် ခမည်းတော်အား သပိတ်ပေး၍ အဂ္ဂသာဝက ၂ ပါးနှင့် အတူ ယသော်ဓရာနန်းဆောင်သို့ ကြွတော်မူကာ ခင်းထားပြီးနေရာ၌ ထိုင်တော်မူလေသည်၊ ထိုအခါ ယသော်ဓရာသည် ကဗျာကရာလာ၍ ခြေဖမျက်တော် ၂ ဘက်ကို လက် ၂ ဘက်ဖြင့် ပွေ့ပြီးလျှင် မျက်နှာဦးခေါင်းကို ခြေဖမိုးပေါ်မှာ လှိမ့်ကာလှိမ့်ကာ အားရအောင် ကန်တော့ရှာလေသည်။



၂၅။ ဘုရားခြေတော်ကို ဦးခေါင်းဖြင့်ပွတ်တိုက်၍ ယသော်ဓရာ
ရှိခိုးနေပုံ။



## ၂၆။ ။ဘုရားနောက်တော်ကလိုက်၍ သားတော် ရာဟုလာ အမွေတောင်းပုံ



ဗုဒ္ဓမြတ်စွာသည် ခမည်းတော်စံနန်း၌ ဆွမ်းဘုဉ်းပေးနေစဉ် ယသော်ဓရာသည် သားတော်ကို တန်ဆာဆင်၍ "ချစ်သား ရဟန်း ၂ သောင်း၏အလယ်မှာ တင့်တယ်စွာ နေတော်မူသော ရဟန်းတော်မြတ်သည် သားတော်၏ ခမည်းတော်ပင်တည်း၊ မောင့် ခမည်းတော်မှာ ရှိသော ရွှေအိုးကြီးတွေကို တောထွက်သွားသည့်နေ့ကစ၍ မတွေ့ရတော့ဘူး၊ စကြာမင်းလုပ်ရအောင် အဲဒီ အမွေကိုတောင်းချေ" ဟု သင်ကြား၍ ဘုရားထံသို့ စေလွှတ်လိုက်လေသည်။

သားတော်ရာဟုလာသည် ဘုရားအထံသို့ရောက်လျှင် ခမည်းတော်ဟူသော ချစ်ခြင်းဖြင့် ရဲတင်းစွာကပ်၍ "ခမည်းတော်၏အရိပ်သည် လွန်စွာ ချမ်းပေါ့ပေ၏၊ သားတော် စကြာမင်း လုပ်ချင်ပါသည်၊ ခမည်းတော်အမွေကို ပေးပါ" ဟု တွတ်တီးတွတ်တာ ပြောဆိုကာ အမွေ တောင်းရှာလေသည်၊ ဗုဒ္ဓမြတ်စွာ ကျောင်းပြန်ကြွရာ၌လည်း အမွေတောင်းကာ နောက်တော်က လိုက်သွားလေသော် ရှင်သာမဏေပြုကာ လောကုတ္တရာအမွေကိုသာ ပေးတော်မူသည်။



၂၆။ ဘုရားရှင်အား သားတော်ရာဟုလာ အမွေတောင်းပုံ။



## ၂၇။ ။သာကီဝင်မင်းသား ၆ ယောက် ရဟန်းပြုကြပုံ။

ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်ပြီးသောအခါ နန္ဒမင်းသားစသော သာကီဝင်မင်းသား များစွာတို့ ဘုရားအထံ ရဟန်းပြုကြလေသော် သား ၂ ယောက် ၃ ယောက်ရှိသောအိမ်တော်မှ တယောက်မျှ ထွက်၍ ရဟန်းမပြုလျှင် တာဝန်မကျေသကဲ့သို့ ဖြစ်နေရကား မဟာနာမ်နှင့် အနုရုဒ္ဓါ ညီနောင် ၂ ပါး တိုင်ပင်ကြရာ အနုရုဒ္ဓါမင်းသားက ရဟန်းပြုမည်ဟု ဝန်ခံလေသည်၊ ထိုအချိန်မှာ ရှင်ဘုရင်ဖြစ်နေသော ဘဒ္ဒိယမင်းသည် အနုရုဒ္ဓါနှင့် ရင်းနှီးသောသူငယ်ချင်းပေတည်း။

ထို့ကြောင့် အနုရုဒ္ဓါသည် ဘဒ္ဒိယမင်းထံသွား၍ ရဟန်းပြုဘို့ရန် အဖေါ်ညှိလေရာ ဘဒ္ဒိယဘုရင်လည်း ရဟန်းပြုဘို့ ဝန်ခံပြန်၏၊ ဤနည်းအားဖြင့် အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ်နှင့် ဆတ္တာသည် ဥပါလိ ပါ ၇ ယောက်လုံး ဘုရားထံ ရောက်လာကြလေသည်၊ ထိုအခါ ''သာကီဝင်မင်းမျိုးသည် အလွန်မာနကြီးပါသည်၊ ထိုမာနကိုနှိမ်ချ၍ ဥပါလိကို ရှိခိုးနိုင်ဘို့ရာ ဥပါယိကို ပဌမရဟန်းပြုပေးပါ'' ဟု လျှောက်၍ နောက် မိမိတို့ ရဟန်းပြုကြလေသည်။





၂၇။ သာကီဝင်မင်းသား ၆-ယောက် ရဟန်းပြုကြပုံ။



## ၂၈။ တောထွက်လာသော အရှင်မဟာကဿပ အလောင်းအား ဘုရား ကြိုဆိုနေပုံ။



ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာကို စောင့်ရှောက်ရစ်မည့် ရှင်မဟာကဿပ အလောင်း "ပိပ္ပလိ" သတို့သားသည် အလုပ်သမား ရွာပေါင်း ၁၄ ရွာနှင့် စစ်တပ်အစိတ်ကို ပိုင်ဆိုင်လျက် ကုဋေများစွာဥစ္စာကြွယ်ဖြိုး သူဌေးမျိုးမှ သူဌေးကတော်နှင့်အတူ ရဟန်းပြုလာခဲ့သည်၊ သူတို့ ၂ ဦး လမ်းခွဲသော နေရာ၌ ကမ္ဘာမြေ တုန်လှုပ်သံကို အရင်းခံ၍ ဆင်ခြင်တော်မူသော ဘုရားရှင်လည်း အကြောင်းအရာကို ကောင်းစွာ သိမြင်တော်မူနှင့်လေသည်။

တိုခဏာ၌ပင် ဝေဠုဝန် ကျောင်းတော်မှ ၃ ဂါဝုတ် မျှ ဝေးကွာသော ပြည်ညောင်ပင်သို့ ကြွတော်မူ၍ ခရိုးကြိုဆိုကာ ရောင်ခြည်တော် ၆ ဖြာ ထွက်စေကာဖြင့်ထိုင်နေတော်မူနှင့် လေသည်၊ ကဿပအရှင်သည် ဘုရားကိုမြင်လျှင် "ငါ့ဆရာပင်တည်း"ဟု ဆုံးဖြတ်၍ ဘုရားခြေတော်တွင် ဦးခေါင်းတင်ကာ တပည့် ဖြစ်ပါကြောင်းကို လျှောက်ထားလေသည်၊ ဘုရားရှင်လည်း သံဃာ ပရိသတ်အလယ်၌ မကြာမကြာ တန်းတူထား၍ မြှောက်စားတော်မူလေသည်။



၂၇။ တောထွက်လာသော ရှင်မဟာကဿပ အလောင်းအား
ဘုရားသခင် ကြိုဆိုနေပုံ။



## ၂၉။ ။ဝေသာလီ၌ ဘေးကြီးဆိုက်နေစဉ် အရှင်အာနန္ဒာ ရတနသုတ်ပရိတ် ရွတ်နေပုံ။



ဝေသာလီပြည်၌ မိုးခေါင်သောကြောင့် ငတ်မွတ်ခြင်းဘေးကြီးဆိုက်၍ လူအများသေကြ၏၊ သူသေကောင်တွေ၏အနံ့ကြောင့် သားရဲ ဘီလူးတို့ မြို့တွင်းသို့ ဝင်လာသဖြင့် သာ၍ အသေများ၏၊ ထိုအခါ ပလိပ်ရောဂါကဲ့သို့ ရောဂါတမျိုး ဖြစ်ပြန်သဖြင့် သာ၍ အသေ များပြန်လေသည်၊ ထိုဘေးကြီးကို ကာကွယ်ဘို့ နည်းလမ်း ရှာကြံကြလေရာ ဗုဒ္ဓမြတ်စွာကို ပင့်ဘို့ရန် သဘောတူသောကြောင့် ရာဇဂြိုဟ်မှ သံဃာတော်များနှင့်တကွ ပင့်ကြလေသည်။

ဗုဒ္ဓမြတ်စွာ၏ လှေဖေါင်တော်ကြီး ဆိုက်ချိန်မှာပင် မိုးကြီး သည်းထန်စွာ ရွာသောကြောင့် လူသေအလောင်းများ မျောပါသွားသဖြင့် သန့်ရှင်းနေနှင့်လေပြီ၊ မြို့တော်ပေါက်သို့ ရောက်သောအခါ အရှင်အာနန္ဒာသည် ရတနသုတ်ပရိတ်တော်ကို သင်ယူ၍ လိစ္ဆဝီမင်းသားတို့ကို ခြံရံစေလျက် သပိတ်တော်မှ ရေကိုဖျန်းကာဖျန်းကာ မြို့ရိုး ၃ ထပ် အကြား၌ လှည့်ပတ်ရွတ်ဆိုလေရာ မကောင်းဆိုးဝါးဟူသမျှ ပြေးကြ၍ ရောဂါအားလုံး ကင်းငြိမ်းရလေသည်။



၂၉။ ဝေသာလီ၌ ဘေးကြီးဆိုက်နေစဉ် ဗုဒ္ဓမြတ်စွာအား
ပင့်ဆောင်မှုသာပုံ။



## ၃၀။ ဘိက္ခုနီပြုခွင့်တောင်းပန်ရန် မိထွေးတော်ဂေါတမီနှင့် သာကီဝင်အမျိုးသမီးများစုဝေးနေကြပုံ။



ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်ပြည် နိဂြောဓါရုံ ကျောင်းတိုက်၌ သီတင်း သုံးတော် မူစဉ် မိထွေးတော် ဂေါတမီသည် သာကီဝင်မျိုး မင်းကတော် ငါးရာနှင့်အတူ ဘုရားအထံတော်သို့လာ၍ မာတုဂါမတို့အား ဘိက္ခုနီ ပြုလုပ်ခွင့် ပေးပါရန် တောင်းပန်လေသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ''မတော်ဘူး ဂေါတမီ! သာသနာတော်၌ မာတုဂါမများ၏ ရဟန်းပြုခြင်းကို သင်မနှစ်သက်ပါနှင့်'' ဟု ပယ်ရှားတော်မူသဖြင့် စိတ်မချမ်းမသာနှင့် ပြန်သွားရရှာလေသည်။

ထို့နောက်ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်၌ သီတင်းသုံးတော်မူစဉ် သာကီဝင်မင်းကတော် ငါးရာနှင့်အတူ မိမိတို့ဘာသာ ဆံပင်ရိတ်၍ ဘိက္ခုနီအဝတ်ကို ဆင်လျက် ဘုရားရှင်အထံ လိုက်ကြ ပြန်ရာ ကျောင်းတိုက်တွင်းသို့ မဝင်ဝံ့သောကြောင့် တံခါးပေါက်၌ ရပ်နေကြလေသည်၊ ထိုအခါ အရှင်အာနန္ဒာမြင်၍ ဘုရားထံ သွားပြီးလျှင် မာတုဂါမများအား ဘိက္ခုနီ ပြုလုပ်ခွင့် ပေးပါရန် အတန်တန်တောင်းပန်မှ အခွင့်ရသဖြင့် ဘိက္ခုနီ သာသနာ ပေါ်လာလေသည်။




၃၀။ ဘိက္ခုနီပြုခွင့်တောင်းပန်ရန် မိထွေးတော်ဂေါတမီနှင့်
သာကီဝင်အမျိုးသမီးများစုဝေးနေကြပုံ။



## ၃၁။ ။အယူဝါဒပြိုင်လာသော သစ္စကပရိဗ္ဗိုဇ်ကို ဘုရားရှင် ချွတ်တော်မူပုံ။



ဝေသာလီပြည်၌ သစ္စက မည်သော ပရိဗ္ဗိုဇ်သည် အယူဝါဒ အမျိုးမျိုးကို နားလည်၍ မင်းသားတို့အား အတတ်သင်ပေးနေသော ဆရာကြီးတည်း၊ သူသည် တိတ္ထိဆရာ အမျိုးမျိုးကို နှိမ်ချိုးခဲ့ပေါင်း များလှပြီဖြစ်၍ ဗုဒ္ဓကိုလည်း နှိမ်ချိုးမည်ဟုကြံစည်နေ၏၊တနေ့သ၌ အရှင်အဿဇိ ထေရ်နှင့်တွေ့ရာမှ ဗုဒ္ဓအယူဝါဒကိုသိရသဖြင့် ဗုဒ္ဓနှင့် ဝါဒပြိုင်ဘို့ထွက်လာလေရာ အရှုံးအနိုင်သိလိုသော လူပေါင်းများစွာလည်း ပါလာလေသည်။

ဝါဒ စမ်းရာ၌ ရုပ်ခန္ဓာသည် အနတ္တ (စိမ်နိုင်သော အတ္တ မရှိ) ဟူသော ဗုဒ္ဓစကားကို ''အတ္တ''ဟု ငြင်း၏၊ ''အတ္တရှိလျှင် ရုပ်ခန္ဓာကို လှ အောင် စီမံပါစေလား''ဟု မိန့်တော်မူရာ မလှုပ်နိုင်၍ ငုတ်တုတ် ပေနေလေသည်၊ ၂ ကြိမ် မေးလည်း မလှုပ်ချေ၊ ထိုအချိန်မှာ သိကြားမင်းက ဘီလူးကြီးယောင် ဆောင်၍ ဝရဇိန်လက်နက်ဖြင့် ခြိမ်းခြောက်နေ၏၊ ထို့ကြောင့် တတိယအကြိမ်၌ ''ရုပ်ခန္ဓာသည် အနတ္တ''ဟုဝန်ခံရလေတော့သည်။



၃၁။ အယူဝါဒပြိုင်လာသော သစ္စကပရိဗိုဇ်ကို ဘုရားရှင်
ချွတ်တော်မူပုံ။



## ၃၂။ ။အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတိုက်လှူနေပုံ။

ဗုဒ္ဓမြတ်စွာသည် ပဌမဝါကျွတ်၍ ရာဇဂြိုဟ်မြို့သို့ ရောက်နေတော်မူစဉ် အနာထပိဏ်သူဌေးသည် ကုန်သန်းရောင်းဝယ်ရေးကိစ္စဖြင့် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ရောက်လာလေရာ ဘုရားရှင်ပွင့်တော်မူကြောင်းကို ကြားရ၍ ညဉ့်ကာလ၌ပင် ဗုဒ္ဓအထံ သွားလိုသော်လည်း အခွင့်မရသဖြင့် ဘုရားကို စိတ်စွဲလျက် အိပ်မပျော်တပျော် ရှိနေရာဝယ် သူ၏ကိုယ်မှထွက်သော အရောင်ကြောင့် လင်းပြီဟုထင်ကာ ဘုရားထံလာခဲ့လေသည်။

ဘုရားထံရောက်၍ သောတာပန် တည်ပြီးသောအခါ သာဝတ္ထိသို့ ချက်ချင်း ပြန်လာ၍ ကျောင်းတိုက်နေရာကို ရှာလေရာ သွားလမ်း ပြန်လမ်း ကောင်း၍ မနီးမဝေးလွန်းသော လွန်စွာဆိတ်ငြိမ်သော ဇေတမင်းသား၏ ဥယျာဉ်ကို မြေကွက်ရှိသမျှ ငွေကျပ်ချင်းထိစပ်အောင် ခင်း၍ ဝယ်ယူပြီးလျှင် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးသောအခါ သံဃာတော်များစွာနှင့် ဘုရားရှင်ကို ရာဇဂြိုဟ်မှပင့်၍ လှူဒါန်းလေသည်။






၃၂။ အနာထပိဏ် သူဌေး ဇေတဝန်ကျောင်းတိုက်လှူနေပုံ။



## ၃၃။ ။တိတ္ထိဆရာကြီးများကို ဘုရားဟုတ်သလားဟု ကောသလမင်းကမေးခန်း။

ဗုဒ္ဓမြတ်စွာ မပွင့်မီကပင် တိတ္ထိဆရာကြီး ခြောက်ယောက်တို့သည် ဘုရားဟု ဝန်ခံလျက် လူအများကို လှည့်စားဟောပြောကာ ထိုထိုမြို့ရွာသို့လှည့်လည်နေကြလေသည်၊ ထိုဆရာကြီးတို့သည် သာဝတ္ထိမြို့တော်သို့ ရောက်လာသောအခါ ယုံကြည်နေသော အမတ်ကြီးတို့သည် ကောသလမင်းအား မိမိဆရာ၏ဗုဒ္ဓဖြစ်ကြောင်းကို သံတော်ဦးတင်ကြလေရာ ''သင်တို့ကိုယ်တိုင်ပင် သင်တို့၏ဆရာများကို နန်းတော်သို့ပင့်ခဲ့ကြပါ'' ဟု ပြောဆိုလိုက်လေသည်။

ထိုနောက် နန်းတော်သို့ ရောက်လာကြသောအခါ ဘုရင်၏ ခမ်းနားကြီးကျယ်သော နေရာပေါ်မှာ မထိုင်ဝံ့ကြသဖြင့် တချို့ဆရာကြီးက နန်းကြမ်းပြင်ပေါ်, တချို့ဆရာကြီးက ပျဉ်ချပ်အခင်းပေါ်မှာ ထိုင်ကြလေသည်၊ ထိုထိုင်ပုံကို မြင်ရုံမျှဖြင့် ဗုဒ္ဓ မဟုတ်နိုင်ဟု ရိပ်မိသော ရှင်ဘုရင်က ''အသင်တို့ ဘုရားဟုတ်ကြသလား, မဟုတ်ကြဘူးလား'' ဟု တိုက်ရိုက်မေးမြန်းလေရာ ''ဘုရားမဟုတ်ကြပါ'' ဟု ဝန်ခံ၍ အပြစ်ကင်းစွာ နန်းတော်မှ ထွက်လာနိုင်ကြလေသည်၊





၃၃။ တိတ္ထိဆရာကြီးများကို ဘုရားဟုတ်သလားဟု ကောသလ
မင်းက မေးနေပုံ။



## ၃၄။ ။ကောသလမင်းက ဘုရားရှင်အား ဗုဒ္ဓလို့ဝန်ခံပါသလားဟု မေးနေပုံ။

ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သူဌေး၏ ပင့်လျှောက်ခြင်းဖြင့် သာဝတ္ထိမြို့တော်သို့ ပဌမဆုံး ရောက်တော်မူ၍ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းသည် ဘုရား အထံသို့ ရောက်လာပြီးလျှင် ''အရှင်ဂေါတမလည်း မိမိကိုယ်ကို အလုံးစုံကို အကုန်သိသော ဗုဒ္ဓလို့ ဝန်ခံပါသလား''ဟု မေးလေလျှင် ''ဗုဒ္ဓ-ဗုဒ္ဓ လို့ ခေါ်နေသူသည် ငါဘုရားကိုခေါ်မှ အမှန်အတိုင်း ခေါ်ရာရောက်မည်''ဟု မိန့်တော်မူလေသည်။

ထိုအခါ ကောသလမင်းက "ပူရဏကဿပ, မာက္ခလိဂေါသာလ, နိဂဏ္ဌနာဋပုတ္တ, သဉ္စယ ဗေလဋ္ဌပုတ္တ, ပကုဓကစ္စာယန, အဇိတ ကေသလကမ္ဗလ'' ဟူသော သက်ကြီးဝါကြီး ဂိုဏ်းဆရာကြီး များသော်မှ ဗုဒ္ဓ ဟု ဝန်မခံကြဘဲနှင့် သက်ငယ်ဝါငယ်သာဖြစ်သော ရှင်ဂေါတမက ဗုဒ္ဓလို့ ဝန်မခံ သင့်ပါဟု ပြောလေရာ, ဗုဒ္ဓက ''မင်းမျိုး, မီး, မြွေ, သီလရှိသော ရဟန်း''များကို ငယ်သော်လည်း မလေးမစားမပြုထိုက်ဟု ဟောတော်မူလေသည်။





၃၄။ ကောသလမင်းက ဘုရားရှင်အား ဗုဒ္ဓလို ဝန်ခံပါသလား
ဟု မေးနေပုံ။



## ၃၅။ ။နန္ဒောပနန္ဒ နဂါးမင်းကို အရှင်မောဂ္ဂလ္လာန် ဆုံးမတော်မူပုံ။



နန္ဒောပနန္ဒ နဂါးမင်းသည် နတ်မင်းအလား ကြီးကျယ် ခမ်းနားလှစွာသော စည်းစိမ်ဖြင့် မြင့်မိုရ်တောင်၌နေ၏၊ လွန်စွာလည်း ဒေါသကြီး၏၊ တနေ့သ၌ ကခြေသည်နဂါးမအပေါင်းခြံရံကာ စည်းစိမ်ခံစားနေစဉ် ဘုရားရှင်သည် တန်ခိုးကြီး ရဟန်းတော်များနှင့်အတူ နဂါးမင်း၏ အထက် ကောင်းကင်မှ တာဝတိံသာသို့ ကြွတော်မူလေသော်, နဂါးမင်းသည် ပြင်းထန်စွာ ဒေါသဖြစ်၍ မြင့်မိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ်အုပ်ဖုံးထားလေသည်။

လမ်းခုလတ်သို့ ရောက်သောအခါ တာဝတိံသာကို မမြင်ရသဖြင့် နဂါးမင်း ဖုံးအုပ်ထား ကြောင်းကို သိကြသောရဟန်းတော်တို့သည် နဂါးကိုဆုံးမရန် ခွင့်တောင်းကြသော်လည်း ခွင့်မရဘဲ အရှင်မောဂ္ဂလ္လာန်တောင်းမှ ခွင့်ရလေသည်၊ အရှင်မောဂ္ဂလ္လာန်သည် နဂါးထက်ကြီးသောကိုယ်ကို ဖန်ဆင်း၍ နဂါးအထက်က ရစ်ပတ်ဖုံးအုပ်ကာ ဖိ၍ညှပ်ခြင်း စသည်ဖြင့် နှိပ်စက်၍ နွံနာအောင် ဆုံးမပြီးမှ ဘုရားထံ ခေါ်လာ၍ ရတနာ ၃ ပါးကို ကိုးကွယ်စေလေသည်။

ꩡဂုၢ်ၼိၢ်ငွယဝဢႃးၸုၢ်

ၼွင်လိၢ်ပၢ်ငၵဝၷမ်ဢ ၸွႃးၷႃးၿုၼ်ၻိၼၵ ငၻိဝၼ် ꩡ႖႔





## ၃၆။ ။မိစ္ဆာအယူရှိနေသော ဗကဗြဟ္မာမင်းကို ဘုရားရှင် ချွတ်တော်မူပုံ။

ဗကမည်သော ဗြဟ္မာကြီးသည် ပဌမဈာန်ဘုံ၌ ဗြဟ္မာမင်းဖြစ်သူတည်း၊ သူသည် အထက်၌ ဗြဟ္မာဘုံများ ရှိသေးကြောင်း မသိ၍ သူ့ဘုံကိုပင် ထိပ်ဆုံးဟု မှတ်ထင်ကာ သူနှင့်တကွ ဘုံဌာနကိုလည်း ''နိစ္စ-အမြဲတည်၏''ဟု အယူရှိနေ၏၊ ဗုဒ္ဓသည်ဗြဟ္မာပြည်သို့ ကြွတော်မူ၍ ဗြဟ္မာပရိသတ်အလယ်၌ သူ့အား ဤဘုံဌာနထက် သာလွန်သော အထက်ဘုံတွေ ရှိသေးကြောင်း, ဤဘုံနှင့် ဗြဟ္မာတွေပါ မမြဲကြောင်းကို မိန့်တော်မူလေသည်။

ထို့နောက် ဗက ဗြဟ္မာကိုပင် ''သင်၏ဖြစ်ပုံ သင်၏ တန်ခိုးကြီးပုံကို ငါသိသည်၊ သင့်ထက် တန်ခိုးကြီးသော အထက် ဗြဟ္မာမင်းများ ရှိသေးသည်'' ဟု မိန့်တော်မူရာ, သူ ယူထားသမျှ အမှားချည်း ဖြစ်နေသောကြောင့် တန်ခိုးပြသည့် အနေဖြင့် ''ကိုယ်ဖျောက်ပြမည်'' ဟု ပြော၍ ကိုယ်ဖျောက်လေလျှင် မပျောက်နိုင်ဘဲဖြစ်နေသောကြောင့် ဘုရားက ကိုယ်ဖျောက်ပြပြန်ရာ ထိုနေရာမှာပင် ပျောက်သွား၍ တရားဟောတော်မူသည်။





၃၆။ မိစ္ဆာအယူရှိသော ဗကဗြဟ္မာမင်းကို ဘုရားရှင် ချွတ်တော်မူပုံ။



## ၃၇။ ။ဂိလာန ရဟန်းအား ဗုဒ္ဓနှင့် ရှင်အာနန္ဒာတို့ ပြုစုတော်မူနေကြပုံ။

ရဟန်းတပါးသည် ဝမ်းရောဂါဖြစ်နေ၏၊ သူက သူများကို မပြုစုသောကြောင့် သူ့ကိုလည်း ပြုမည့်သူမရှိ၊ ရှင်အာနန္ဒာနှင့်အတူ ဗုဒ္ဓမြတ်စွာသည် ကျောင်းတို့ကို လှည့်လည် ကြည့်ရှုတော်မူစဉ် ကျင်ကြီးကျင်ငယ် ထဲ၌ လျောင်းနေရသော ထိုရဟန်းကို မြင်တော်မူရာ, ရှင်အာနန္ဒာကို ရေအယူ ခိုင်း၍ ဗုဒ္ဓကိုယ်တော်တိုင် ရေလောင်းပေးတော်မူလျက် ရှင်အာနန္ဒာက ပွတ်တိုက်သုတ်သင်ကာ ဂိလာနဝတ်ကရားကို ပြုလုပ်တော်မူကြလေသည်။

ထိုသို့ဆေးကြောသုတ်သင်၍ သန့်စင်သောအခါ ဗုဒ္ဓမြတ်စွာသည် ဦးခေါင်းမှ, ရှင်အာနန္ဒာသည် ခြေရင်းမှကိုင်၍ ညောင်စောင်းပေါ်၌ ချထားပြီးလျှင် ရဟန်းများကို ခေါ်စေတော်မူ၍ ''သင်တို့မှာ ပြုစုမည့်မိဘတို့ အနီးအပါး၌ မရှိကြချေ၊ အချင်းချင်း မပြုကြလျှင် ဘယ်သူပြုမည်နည်း'' ဟု အပြစ် တင်တော်မူပြီးမှ ''ငါဘုရားကို ပြုစုမည့်အစား မကျန်းမမာသူကိုသာ ပြုစုကြ''ဟု ဩဝါဒ ပေးတော်မူလေသည်။





၃၇။ ဂိလာနရဟန်းအား ဗုဒ္ဓနှင့် ရှင်အာနန္ဒာတို့ ပြုစုတော်
မူနေကြပုံ။



## ၃၈။ ။အင်္ဂုလိမာလ တောပုန်းဓါးမြကို ဗုဒ္ဓမြတ်စွာ ချွတ်တော်မူပုံ။



အင်္ဂုလိမာလ ဆိုသူကား သာဝတ္ထိပြည် ပုရောဟိတ်အမတ်၏သား တက္ကသိုလ်ပညာတော်သင် လုလင်တယောက်ဖြစ်၏၊ သူသည် ဉာဏ်ထက်၍ ဝတ်ကြေသူ ဖြစ်သောကြောင့် ဆရာကြီးနှင့် ဆရာကတော်ပါ လွန်စွာ အချစ်ခံရသူတည်း၊ သို့သော် တခြားကျောင်းသားတို့က ဆရာကြီးအား တိုက်ကြသောကြောင့် ဆရာကတော်နှင့် အထင်မှား ခံရရှာလေသည်၊ ထို့ကြောင့် သူများသတ်၍ သေစေလိုသော ဆရာကြီးသည် "လူတထောင် သတ်နိုင်မှ ပညာအကျိုးရမည်"ဟု ပြောဆိုစေခိုင်းလေသည်။

သူသည် သာဝတ္ထိပြည်နယ်မှာ တောပုန်း ဓါးမြလုပ်၍ တောသို့လာသူ လူများကို သတ်ကာ လူတယောက်လျှင် လက်တချောင်းကျ ဖြတ်၍ ပန်းလိုကုံးထားသောကြောင့် "အင်္ဂုလိ + မာလ"ဟု ထင်ရှား၏၊ တထောင်ပြည့်ဘို့ တယောက်သာလိုသောနေ့၌ သားကိုတောင်းပန်ရန် ထွက်လာသော မိခင်ကိုပင် သတ်စရာ မြင်သောကြောင့် တင်ကြို၍ ကြွတော်မူလာသော ဗုဒ္ဓကိုလည်း သတ်ဘို့ လိုက်လေသော် တန်ခိုးကြောင့် မမှီနိုင်ဘဲ နောက်ဆုံး၌ တရားနာရ၍ ရဟန်းပြုရှာလေသည်။



၃၈။ အင်္ဂုလိမာလ တောတွင်းလူဆိုးကို ဗုဒ္ဓမြတ်စွာ
ချွတ်တော်မူပုံ။



## ၃၉။ ။အင်္ဂုလိမာလသည် သားမဖွါးနိုင်သော မိန်းမအား ပရိတ် ရွတ်ပေးနေပုံ။

အင်္ဂုလိမာလသည် ရဟန်းပြု၍ ငြိမ်သက်စွာ နေပါသော်လည်း လူအများက ကြောက်ရွံ့နေသောကြောင့် ဆွမ်းမလောင်းဝံ့ကြ၍ ဆွမ်းအတွက် ဒုက္ခ ရောက်ရှာလေသည်၊ တနေ့သ၌ကား သားမဖွါးနိုင်သောမိန်းမကို မြင်ခဲ့၍ အလွန်သနားသဖြင့် ဘုရားအားလျှောက်လေရာ၊ ''ယတောဟံ ဘဂိနိ! အရိယာယဇာတိယာ ဇာတော၊ နာ ဘိ ဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိတေဟောတု, သောတ္ထိ ဂဗ္ဘဿ''ဟု ပရိတ်ပေးလေသည်။

ထိုဘုရားပေးလိုက်သော ပရိတ်မန္တာန်ကို ကျက်၍ သားမဖွါးနိုင်သော မိန်းမထံသို့ ကြွတော်မူပြီးလျှင် မိန်းမကိုအကာတွင်း နေစေကာ မိမိက အကာပြင်နားမှနေ၍ ''အိုနှမ! ငါသည် အရိယာနွယ်ဇာတ် ရဟန်းမြတ် ဖြစ်သည်ကစ၍ သူ့အသက်ကို မသတ်ဘူးပါ၊ ထိုသစ္စာကြောင့် သင်ချမ်းသာပါစေ, ကိုယ်ဝန်လဲ ချမ်းသာပါစေ''ဟု ပါဠိမန္တာန်အတိုင်း ရွတ်လိုက်ရာ ခဏချင်း ဖွါးမြင်လာလေသည်၊ ထိုအခါမှစ၍ ဆွမ်းအာဟာရလည်း မျှတ ချမ်းသာလေသည်၊





၃၉။ အရှင် အင်္ဂုလိမာလသည် သားမဖွားနိုင်သောမိန်းမအား
ပရိတ်ခွတ်ပေးနေပုံ။



## ၄၀။ ။စိဉ္စမာဏဝိကာ ပရိဗ္ဗိုဇ်မကလေး ဘုရားကို စွပ်စွဲနေပုံ။



သာဝတ္ထိမြို့၌ စိဉ္စမာဏဝိကာမည်သော ပရိဗ္ဗိုဇ်မသည် နတ်သမီးကလေးပမာ လွန်စွာလှ၏၊ တိတ္ထိတို့သည် လာဘ်မရသဖြင့် လာဘ်ပေါသော ဗုဒ္ဓကို ချိုးနှိမ်ဘို့ရာ စိဉ္စာကို စွပ်စွဲဖျက်ဆီးခိုင်းကြလေသည်၊ စိဉ္စာသည် ကြက်သွေးရောင် ခြုံထည်ကလေးကို ခြုံကာ နေဝင်ခါနီးမှာ ဇေတဝန်ကျောင်းသို့ သွားဟန်ဆောင်၍ တိတ္ထိတို့ကျောင်းမှာအိပ်ပြီးလျှင် နံနက်စောစော မြို့သို့ဝင်ကာ ဇေတဝန်ကျောင်းမှ ပြန်လာဟန်ဆောင်လေသည်။

ဤနည်းအားဖြင့် ညနေ တရားနာ၍ ပြန်လာသူ နံနက်စောစော ဘုရားဖူးသွားသူတို့အား အထင်မှားစေပြီးလျှင် ၉ လလောက် ကြာသော် သစ်သားဗုကို ဗိုက်မှာကပ်၍ အဝတ်ဖြင့်ပတ်ကာ ကိုယ်ဝန်ရှိဟန် ဆောင်လျက် ပရိသတ်အလယ်တွင် တရားဟောတော်မူနေသော ဘုရားအား "မီးနေဆောင် မပြင်ကောင်းလား" ဟု ဆဲဆိုစွပ်စွဲလာသည်ကို နတ်သားတို့ ကြွက်ဟန်ဆောင်လျက် ကိုက်ဖြတ်ချမှ ရိုက်ပုတ်၍ နှင်ထုတ်လိုက်ကြလေသည်။



၄၀။ စိဉ္စမာဏဝိကာပရိဗ္ဗိုဇ်မကလေး ဘုရားကိုစွပ်စွဲနေပုံ။



## ၄၁။ ။ဗိမ္ဗိသာရမင်း၏ ခေမာမိဖုရား အား တရား ဟောတော်မူနေပုံ။



သာဂလပြည် မဒ္ဒရာဇ်မင်း၏ ခေမာမည်ခေါ် သမီးတော်သည် ဗိမ္ဗိသာရ မင်းတရား၏ မိဖု ရား တပါး ဖြစ်၏၊ အလွန်အဆင်းလှသဖြင့် အဆင်းမာန်ယစ်နေရကား ရုပ်အဆင်း၏ အပြစ်ကိုသာ ဟောတော်မူလေ့ရှိသော ဘုရားအထံသို့ သွားလိုစိတ် မရှိချေ၊ သို့သော် ဝေဠုဝန် ဥယျာဉ်တော်ကြီး၏ ရှေးကထက်သာယာပုံနှင့်နတ်အများပင်လာရောက်ရှုစားရပုံကိုကြားရ၍ သွားလိုသောဆန္ဒ ပြင်းပြရကား ဘုရားရှိရာ ဝေဠုဝန်သို့ လာခဲ့လေသည်။

မင်းမြတ်ကလည်း ကျောင်းတော်ရောက်လျှင် ဘုရားရှင်မဖူးဘဲ မပြန်ခဲ့စေနှင့်ဟု နောက်လိုက်တို့အား မှာထားလိုက်၏၊ ထို့ကြောင့် မင်းအာဏာကြောက်၍ ပြန်ခါနီးမှ ဘုရားထံ ဝင်လေသော် သူ့ထက် အဆင်းသာအောင် ဖန်ဆင်းထားသော အမျိုးသမီးက ဘုရားအား ယပ်ခတ်နေပုံ, တဖြည်းဖြည်း အိုသွားပုံ, အိုနာစွဲ၍ လဲသွားပုံ, ညည်းနေပုံ ဖန်ဆင်းပြသဖြင့် အလွန်ထိတ်လန့်နေခိုက်မှာ တရားဟောတော်မူလေရာ ရဟန္တာဖြစ်၍ ဘိက္ခုနီ ပြုလေသည်။



၄၁။ ဗိမ္ဗိသာရမင်း၏ ခေမာမိဖုရားအား တရားဟောတော်
မူပုံ။



## ၄၂။ ။ကပိလနှင့်ကောလိယမြို့ စစ်ဖြစ်ခါနီးတွင် ကောင်းကင်မှ ငြိမ်းချမ်းရေးတရား ဟောတော်မူပုံ။

ကပိလဝတ္ထုမြို့နှင့် ကောလိယမြို့၏ အကြား၌ ရောဟိနီမြစ်ကို ဗိုင်း၍ ကောက်စပါး စိုက်ကြ၏၊ အခါတပါး၌ ကောက်ပင်များ ညှိုးနွမ်းသဖြင့် ထို ၂ မြို့သား လယ်သမားတို့သည် တကြိမ်ယူရုံမျှဖြင့် ကုန်ခန်းစရာရှိသော မြစ်ရေကို ''သူ့ဘက်က ယူမည် ငါ့ဘက်က ယူမည်''ဟု ငြင်းခုံရာမှ အစပြု၍ မင်းမျိုးများကို ထိခိုက် ကြုံးဝါးကြလေရာ စိုက်ပျိုးရေးဝန်ကြီးများနှင့် မင်းကြီးတွေပါ မခံချင်ကြသဖြင့် ရေပြဿနာကို စစ်ဖြင့် ဆုံးဖြတ်ဘို့ရာ ထွက်လာကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ၂ ဘက်သောဆွေတော်အပေါင်း၏ သွေးချောင်းစီးမည့်စစ်ပွဲကို မြင်တော်မူသောကြောင့် တပါးတည်း ကြွတော်မူ၍ ၂ ဘက် စစ်တပ်၏ အလယ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေသည်၊ ထိုအခါ ဗုဒ္ဓကို မြင်ရသဖြင့် လက်နက် ချ၍ ရှိခိုးနေကြသော ဆွေမျိုးတို့အား ''အဖိုးမတန်သော ရေကလေးအတွက် အဖိုးမပြတ်နိုင်သော မင်းတို့၏ အသက်ကို ဖျက်ဆီးကြမလိုလား''ဟု အပြစ်တင်တော်မူကာ ငြိမ်းချမ်းရေးတရားကို ဟောတော်မူလေသည်။





၄၂။ ကပိလ နှင့် ကောလိယမြို့ စစ်ဖြစ်ခါနီးတွင် ကောင်းကင်မှ
ငြိမ်းချမ်းရေးတရား ဟောတော်မူပုံ။



## ၄၃။ ။သားသေကို ဆေးကုလိုသော ကိသာဂေါတမီအား တရားဟောတော်မူနေပုံ။



သာဝတ္ထိမြို့၌ ကုဋေ ၄၀ ဥစ္စာကြွယ်သော သူဌေး၏ဇနီး ကိသာဂေါတမီ မည်သော အမျိုးသမီးသည် သားဦး ရတနာ ရ၍ မတ်မတ်သွားနိုင်သောအရွယ်မှာ သေဆုံးရှာ၏၊ သတို့သမီးသည် လူသေကို မတွေ့ဘူးသောကြောင့် သားသေကိုပင် မကျန်းမမာ ဖြစ်နေသည်ဟု ထင်ကာ မီးသင်္ဂြိုဟ်ခွင့် မပေးဘဲ သားအသေကို ပိုက်၍ ဆေးကုနိုင်မည့်သူကို လိုက်ရှာ နေစဉ် မြော်မြင်တတ်သော လူတယောက်၏ ညွှန်ပြမှုကြောင့် ဗုဒ္ဓအထံသို့ ရောက်လာလေသည်။

ထိုအခါ သူ့သားသေကို ပြ၍ ဆေးကုပေးပါဟု တောင်းပန်လေရာ ''ဆေးကုပေးမည်၊ လူမသေဘူးသောအိမ်မှ မုန်ညင်းစေ့ကိုရှာချေ''ဟု ခိုင်းသဖြင့် သားသေကလေးကိုပိုက်ကာ လိုက်၍ ရှာလေသည်၊ ထိုသို့ရှာစဉ် လူ မသေဘူးသော အိမ်ကို မတွေ့ရသောကြောင့် ''သေခြင်းဆိုတာ ဘယ်အိမ်မှ မကင်းပါလား''ဟု သူ့ဘာသာ နားလည်လာ၍ သားသေကို တောသုဿန်စွန့်ပစ်ခဲ့ပြီးလျှင် ဘုရားရှင်ထံ တရားနာပြန်ရာ သောတာပန်တည်၍ ဘိက္ခုနီ ပြုကာ ရဟန္တာဖြစ်လေသည်။



၄၃။ သားသေကိုဆေးကုလိုသော ကိသာဂေါတမီအား
တရားဟောတော်မူနေပုံ။



## ၄၄။ ။အာဠဝက နတ်ဘီလူးအား မေတ္တာဖြင့် ဆုံးမ၍ တရားပြတော်မူပုံ။



အာဠဝီမြို့၏အနီး တဂါဝုတ်ခန့် ဝေးသောအရပ်၌ ညောင်ပင်ကြီးတပင်ရှိ၏၊ ထိုညောင်ပင်၌ အာဠဝက နတ်ဘီလူး၏ ဘုံဗိမာန်ရှိ၏၊ တညဉ့်သဉ် အာဠဝကသည် ဟိမဝန္တာ နတ်အစည်းအဝေးသို့ သွား၏၊ ထိုအချိန်မှာပင် ဗုဒ္ဓမြတ်စွာသည် အာဠဝက နတ်ကြမ်းကို ဆုံးမဘို့ရာ ဗိမာန်တွင်းသို့ ဝင်တော်မူလေရာ၊ ဘုရားကို ကြည်ညိုနေသော တံခါးစောင့် နတ်သည် ''အာဠဝကထံ တိုင်ပါရစေ''ဟု ခွင့်ပန်ကာ အစည်းအဝေးသို့ သွား၍ တိုင်ကြားလေသည်။

ထိုအချိန်က ဒေါသကို ချုပ်တည်း ထားရသော အာဠဝကသည် အခြားနတ်မင်းတို့ထံမှ မိမိဗိမာန်၌ ဗုဒ္ဓရောက်နေကြောင်းကိုကြားရပြန်သဖြင့် ချက်ချင်းအစည်းအဝေးမှထွက်၍ ကေလာသတောင်ထွဋ်သို့ ခုန်တက်ကာ၊ ''ငါဟ, အာဠဝကတဲ့''ဟု ကြုံးဝါးလေသည်၊ ထို့နောက် တညလုံး လက်နက်မျိုးစုံဖြင့် ပစ်ခတ်သော်လည်း ဗုဒ္ဓ၏•မေတ္တာကြောင့် မထိနိုင်မှ အနားသို့ ချဉ်းကပ်လာသော အာဠဝကအား တရားပြ၍ မြေစွာ ဆုံးမတော်မူလေသည်။



၄၄။ အာဠဝက နတ်ဘီလူးသည် ဘုရားရှင်အား
ကြိုးဝါးနေပုံ။



## ၄၅။ ။ဗုဒ္ဓဘာသာ ဝင်ပြီးခါစဖြစ်သော စစ်သူကြီး ဆွမ်းကပ်လှူနေပုံ။

ဝေသာလီပြည်၌ ''သီဟ''မည်သော စစ်သူကြီးသည် နိဂဏ္ဌနာဋပုတ္တ ဆရာကြီး၏ အရေးပါ အရာရောက်သော ဒါယကာ တယောက်တည်း၊ သူသည် လိစ္ဆဝီမင်း ပရိသတ်၌ ရတနာ ၃ ပါး ဂုဏ်ကို ကြားသိရ၍ ဗုဒ္ဓအထံသို့ သွားလိုကြောင်း သူ့ဆရာကြီးအား ခွင့်တောင်းရာ, သွားခွင့် မရချေ၊ ဒုတိယအကြိမ်လည်း ထို့အတူပင်တည်း၊ တတိယအကြိမ်၌ကား ခွင့်မတောင်းတော့ဘဲ ရထားပေါင်း ၅၀၀ ရှိရာ လူများစွာဖြင့် ဗုဒ္ဓအထံတော်သို့ သွားလေသည်။

အထံတော်ရောက်၍ မေးလျှောက်လိုသမျှ မေးမြန်းရာ, လွန်စွာ ကျေနပ်သဖြင့် ''ယနေ့မှစ၍ ရတနာ ၃ ပါးကို အသက်အပ်လျက် ဆည်းကပ် ကိုးကွယ်သော ဥပါသကာ''ဟု အသိအမှတ် ပြုတော်မူပါရန် လျှောက်ထားလေသည်၊ ထို့နောက် သံဃာများနှင့် အတူ နက်ဖြန်နံနက် ဆွမ်း ဘုဉ်းပေး ကြွတော်မူပါရန် ဖိတ်မန်ခဲ့ပြီးလျှင်မွန်မြတ်သော ဆွမ်း-ဟင်းလျာတို့ကို စီစဉ်ကာ အိမ်တော် မှာပင် ကောင်းစွာကြည်ဖြူ ဆွမ်းကပ်လှူလေသည်။





၄၅။ ဗုဒ္ဓဘာသာဝင်ပြီးခါစဖြစ်သော သီဟ စစ်သူကြီး
ဆွမ်းကပ်လှူနေပုံ။



## ၄၆။ ။အဇာတသတ်နှင့် ပူးပေါင်း၍ လာဘ်ပေါ်များဘို့ရန် ဒေဝဒတ်ကြံပုံ။

ရှင်ဒေဝဒတ်သည် ရဟန်းဖြစ်ခါစ၌ တရားအားထုတ်လေရာ ဈာန်အဘိညာဉ်ကိုရ၍ တန်ခိုးကြီးမားသူဖြစ်၏၊ ထိုတန်ခိုးကြောင့်ပင် ဘုရားကို တုပြိုင်ကာ ဘုရားတဆူ လုပ်ချင်သူလည်းဖြစ်၏၊ ဘုရားလုပ်ရာ၌ နောက်လိုက် သံဃာ များဘို့ရာနှင့် လာဘ် ပေါများဘို့လည်း အရေးကြီးရကား နောင်ခါ ရှင်ဘုရင် ဖြစ်ဘို့ သေချာ၍ မလိမ်တမာ အရွယ်သာ ရှိသေးသော အဇာတသတ် မင်းသားကလေးကို မိမိ ကြည်ညိုအောင် တန်ခိုးပြ၍ သွေးဆောင်သည်မှာ—

မိမိကိုယ်ကို လူပျိုကလေးယောင်ဖန်ဆင်း၍ မြွေကိုခါးပတ်ကဲ့သို့ပတ်ပြီးလျှင် အဇာတသတ်၏ ရင်ခွင်၌ ဘွားကနဲ ပေါ်လာလေရာ မင်းသားကလေး အလွန်ထိတ်လန့်သွားလေသည်၊ ထိုအခါ "မကြောက်ပါနဲ့ မင်းသား၊ အရှင်ဒေဝဒတ်ဆိုတာ ငါပါဘဲ"ဟု ပြော၍ သပိတ်သင်္ကန်း အပြည့်အစုံဖြင့် ရဟန်းအသွင်ပြောင်းကာ မင်းသားရှေ့၌ ရပ်လေသည်၊ ထိုတန်ခိုးကြောင့် အလွန်ကြည်ညိုကာ နေ့စဉ်လာ၍ ဆွမ်းအုပ်ငါးရာ လှူဒါန်းသဖြင့် ရည်မှန်းတိုင်း လာဘ်ပေါလေသည်။





၄၆။ အဇာတသတ်နှင့် ပေါင်း၍ လာဘ်ပေါ်များတို့ရန်
ရှင်ဒေဝဒတ်ကြံပုံ။



## ၄၇။ အဇာတသတ်မင်းကလေးက ခမည်းတော်၏ ခြေဖဝါးကို ဓါးခွဲနိုင်းပုံ။

ရှင်ဒေဝဒတ်သည် အဇာတသတ် ရှင်ဘုရင်ဖြစ်လျှင် သူလည်းဘုရားလုပ်နိုင်မည် ထင်သောကြောင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ဘို့ရန် အကြံပေးလေသည်၊ သူ့ဆရာ ပြောသမျှကို အကောင်းချည်းဟု ယူဆနေသော မင်းသားသည် ခမည်းတော်ကို လုပ်ကြံမည်ဟု အသွားတွင် မင်းမှုထမ်းများက ဖမ်းဆီး၍ ခမည်းတော်အထံ ပို့ကြလေသည်၊ ခမည်းတော်က စစ်မေး၍ ဘုရင်လုပ်လိုကြောင်း သိသောအခါ အလိုပြည့်အောင် ဘုရင့်အရာကို လွှဲပေးလေသည်။

ထို့နောက် ခမည်းတော်ကြီးမရှိမှ စိတ်ချရမည်ဟု ရှင်ဒေဝဒတ် ပြောချက်ကြောင့် တိုက်ရိုက်မသတ်လိုသော အဇာတသတ်မင်းသည် ခမည်းတော်အား အစာပြတ်၍ သေစေလိုသောကြောင့် ထောင်သွင်း၍ အကျဉ်းထားလေသည်၊ ပဌမသော် မယ်တော် မိဖုရားကြီး ဝင်ခွင့် ရသောကြောင့် ပွဲတော်တည်ရသော်လည်း နောက်ဆုံး၌မယ်တော် ဝင်ခွင့် မရတော့သဖြင့် စင်္ကြံကြွ၍ မျှတရှာသော ခမည်းတော်အား လမ်းမသွားနိုင်အောင် ခြေဖဝါးကို ဓါးခွဲနိုင်းလေတော့သည်။





၄၇။ အဇာတသတ်မင်းကလေးက ခမည်းတော်၏ ခြေဖဝါးကို ဓါးခွဲခိုင်းပုံ။



## ၄၈။ ။မိမိကို ခမည်းတော်က ချစ်ရဲ့လားဟု မယ်တော်ကြီးကို အဇာတသတ်မင်း မေးနေပုံ။



ဗိမ္ဗိသာရမင်းသည် ခြေဖဝါးကို ဓါးခွဲခံရပြီးနောက် မကြာမီပင် စုတေရှာ၏၊ ထိုအချိန်မှာပင် အဇာတသတ်မင်း၏ မိဖုရားမှာ သားတော် ဖွါးမြင်၏၊ မင်းမှုထမ်း တို့သည် ခမည်းတော်ကြီး ကွယ်လွန်ကြောင်းနှင့် သားတော်ဖွါးမြင်ကြောင်း စာ ၂ ခုကို ယူလာ၍ သားတော်ဖွါးမြင်ကြောင်း စာကို ပဌမဆက်သလေရာ ရိုးတွင်းခြင်ဆီ ထွင်းဖေါက်၍ သားတော်၌ အချစ်စိတ်ရောက်သွားသဖြင့် ခမည်းတော်ကြီးအပေါ်မှာ ကိုယ်ချင်းစာမိလေသည်။

သို့ဖြစ်၍ ''ခမည်းတော်ကြီး လွှတ်ကြပါ''ဟု အမိန့်ပေးလေရာ ကွယ်လွန်ကြောင်း စာကို ဆက်သလေသော် လွန်စွာ နောင်တ ရ၍ မယ်တော်ထံ သွားပြီးလျှင် ''မိမိ ဖွါးမြင်တုန်းက ခမည်း တော်ကြီး ချစ်ပါရဲ့လား''ဟုမေးလေသည်၊ထိုအခါ ''ဘယ့်နှယ်မေးတာလဲသားရယ်၊ မောင်ငယ်စဉ် တုန်းက လက်မှာ ခူနာပေါက်လို့ ပါးစပ်နဲ့ငုံထားတုန်း ပြည်ပေါက်တော့ နာမှာစိုးလို့ ထွေးမပစ် ရက်ဘဲ မျိုချရှာတယ်''ဟု ပြောဆိုကာ ၂ ယောက်လုံး ငိုကြွေးရှာသည်။



၄၇။ မိမိကို ခမည်းတော်က ချစ်ရဲ့လားဟု မယ်တော်ကြီးကို
အဇာတသတ်မင်း မေးနေပုံ။



## ၄၉။ ။ဘုရားနင်းဘို့ရန်လွှတ်လိုက်သော နာဠာဂိရိဆင်ကို ဘုရားရှင် ဆုံးမတော်မူပုံ။

ဒေဝဒတ်သည် ဘုရားကျောင်းဒကာ ဗိမ္ဗိသာရမင်း ကွယ်လွန်ပြီး၍ ဘုရားကို သတ်ဘို့ရန် အမျိုးမျိုးကြံပါသော်လည်း အထမမြောက်နိုင်ဘဲရှိလေရာ, တနေ့သောအခါဝယ် ဆင်ထိန်းတို့အထံ သို့သွား၍ ''မင်းအသိအမှတ်ပြုသောဆရာတော်များဆိုတာ ရာထူးနိမ့်နေသူကို ရာထူးတိုးမြင့်အောင် တတ်နိုင်ကြတယ်၊ ဒါ့ကြောင့် ငါစေခိုင်းတာကို လုပ်ကြ၊ ရှင်ဂေါတမ ဒီလမ်း လာတဲ့ အခါ နာဠာဂိရိ ဆင်ပြောင်ကို လွှတ်လိုက်ကြ''ဟု စေခိုင်းလေသည်။

နာဠာဂိရိ ဆင်ကြီးကား အလွန်ကြမ်း၍ လူကို ထိုးသတ်လေ့ရှိ၏၊ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော်များနှင့်အတူ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်လာသောအခါ ရာထူးတိုးလိုသော ဆင်ထိန်းတို့သည် ဆင်ကြီးကို ဘုရားဆီသို့ လွှတ်ပေးကြလေသည်၊ ဘုရားရှင်လည်း နင်းမည်ဟု ပြေးလာသော ဆင်ကြီးအပေါ်မှာ မေတ္တာဖြန့်လျက် တန့်ရပ်တော် မူနေလေသော်၊ ဆင်ကြီးသည် ဗုဒ္ဓရှေတော်၌ ငြိမ်သက်စွာ ရပ်ကာ အဆုံးအမကို နာခံစိုက်နေလေသည်။





၄၉။ ဘုရားနင်းဘိုရန် လွှတ်လိုက်သော နာဠာဂိရိဆင်ကို

ဘုရားရှင် ဆုမ္မတော်မူပုံ။



## ၅၀။ အဇာတသတ်မင်းသည် သံဃာတော်များနှင့် ဘုရားကို ဖူးမြော်ရန်ထွက်ပုံ။



အဇာတသတ်မင်းသည် ခမည်းတော် ကွယ်လွန်ပြီး နောက် အိပ်စက်၍ မပျော်နိုင်ဘဲ လန့်၍လန့်၍ နိုးလာတတ်လေရာ, စိတ်သက်သာမှု ရအောင် ဘုရားအထံ သွားလိုပါသော်လည်း ခမည်းတော် သတ်မှုက ကြီးကျယ်လှသဖြင့် မသွားဝံ့သောကြောင့် တန်ဆောင်မုန်းလပြည့် ညဉ့်အခါဝယ် ''ဤကဲ့သို့သာယာသော ညဉ့်အချိန်မှာ ငါ၏စိတ်တော်ကြည်လင်လာအောင် ဘယ်သူ့ထံ ချဉ်းကပ်ရပါမလဲ''ဟု မှူးမတ်များ၏အလယ်မှာ ညည်းညူရှာလေသည်။

အမတ်များက အမျိုးမျိုး အကြံပေးကြသော်လည်း လက်မခံဘဲ ဇီဝက၏ အကြံဖြင့် ဘုရားအထံ သွားဘို့ရာ ဆင်မ ငါးရာကို က-ကြိုး တန်ဆာ ဆင်စေ၍ စစ်သားဟန် ဆောင်ထားသော မိန်းမ ငါးရာကို စီးစေလျက် မီးရှူးတိုင်များကို ညှိထွန်းစေကာ မြို့တော်မှ ထွက်လာ ခဲ့လေသည်၊ ဇီဝက၏ သရက်ဥယျာဉ်သို့ ရောက်လတ်သော် အလွန်ငြိမ်သက်သော သံဃာတော် တထောင်ကျော်နှင့် ဗုဒ္ဓကို ဖူးမြင်လိုက်ရလျှင်ပင် ကြည်လင်ရွှင်ပျလာလေသည်။



၅၀။ အဇာတသတ်မင်းသည် ပဌမဆုံး ဘုရားရှင်အား ဖူးမြော်
ရန်-နန်းတော်မှ ထွက်တော်မူပုံ။



## ၅၁။ ။ပါယာသိဘုရင်ခံအား နောက်လောက ရှိကြောင်းကို ရှင်ကုမာရကဿပ ပြောပြနေပုံ။



ပါယာသိ ဘုရင်ခံသည် နောက်ဘဝမရှိ ဥပပတ်ပဋိသန္ဓေနေသော နတ်ပြိတ္တာနှင့် ငရဲဆိုတာ မရှိ ကောင်းမှု မကောင်းမှုများ၏ အကျိုးလည်း မရှိဟု အယူမှားနေသော မင်းတည်း၊ သူ၏အယူ အားဖြင့် ''လူတယောက်သေလျှင် နောက်ထပ်၍ မဖြစ်''ဟု ဆိုလို၏၊ အရှင်ကုမာရကဿပကား အဟော အပြောကောင်း ရဟန္တာတပါးတည်း၊ ပါယာသိ မင်းသည် ပရိသတ်များစွာနှင့်အတူ အရှင်ကဿပထံ လာရောက်၍ သူ၏ဝါဒကို ပြောပြလေသည်။

အရှင်ကုမာရကဿပသည် လ နှင့် နေ ကို ညွှန်ပြ၍ ''ထို လ နေ တို့သည် ဤလူလောက ထဲမှာလား၊ , တခြားလောက၊ ထဲမှာလား၊ လ နေ မှာ ရှိသော သတ္တဝါတို့သည် လူတွေလား, နတ်တွေလား''ဟု မေးတော်မူသည်၊ ထိုအခါ လူလောက ထဲမှာ ပါဝင်သည်ဟုရင်း, လူတွေဘဲ ဟုရင်း မပြောနိုင်ဘဲ ''တခြားလောက ထဲမှာ ပါ, နတ်တွေပါ'' ဟု ပြောရလေသည်၊ ဤသို့ စသည်ဖြင့် ဆက်၍ မေးခွန်းထုတ်ကာ မိစ္ဆာအယူကို ချေချွတ်တော်မူလေသည်။



၅၁။ ပါယာသိဘုရင်ခံအား နောက်လောက ရှိကြောင်းကို

ရှင်ကုမာရ ကဿပ ပြောပြနေပုံ။



## ၇၂။ ။ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်ဝယ် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပုံ။



၃၅ နှစ် အရွယ် ဘုရားဖြစ်၍ ၄၅ ဝါ ကာလ ကြာအောင် တရားတော်ကို ဟောပြလျက် သက်တော် ရှစ်ဆယ် ပြည့်သော အခါ၌ ဗုဒ္ဓမြတ်စွာသည် ဝမ်းတော် လားသော ရောဂါဖြင့် ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်တော်ဝယ် ၂ သွယ်သော အင်ကြင်းပင်တို့အလယ် ညောင်စောင်းငယ်၌ မြောက်ဘက်သို့ ဦးခေါင်းပြုကာ လျောင်းတော်မူနေ၏၊ လူနတ်ဗြဟ္မာနှင့် သံဃာတော်အများလည်း အနီးအပါးမှ ငြိမ်သက်စွာ ခစား ဖူးမြော်နေကြလေသည်။

ဗုဒ္ဓမြတ်စွာသည် အားတော်လွန်စွာနည်းလျက်ပင်ဩဝါဒစကား မိန့်ကြားတော်မူနေသေး၏၊ တည္ဆလုံး ဩဝါဒပေးတော်မူပြီး၍အရှုဏ်တက်ခါနီးသော် ''အကြောင်းရှိ၍ ဖြစ်ရသော (သင်္ခါရ) ဟူသမျှ ပျက်ခြင်းသဘောရှိကြ၏၊သတိတရားဖြင့် အကျင့်သိက္ခာကို ပြည့်စုံစေရစ်ကြ''ဟု နောက်ဆုံး ဩဝါဒကို ပေးတော်မူပြီး၍ ဈာန်ဝင်စားလျက် ငြိမ်သက်တော်မူနေရာမှ စိတ်တော် အစဉ်ရပ်စဲကာ ပရိနိဗ္ဗာန်စံတော်မူလေရာ, ကမ္ဘာမြေကြီးလည်း တုန်ဟည်းရှာလေသည်။



၅၂။ ကုသိနာရုံပြည့် အင်ကြင်းဥယျာဉ်ဝယ် ဘုရားရှင်
ပရိနိဗ္ဗာန်စံတော်မူပုံ။



## ၅၄။ ။ရှစ်ပြည်ထောင်မင်းတို့အား ဒေါဏပါမောက္ခကြီး ဓါတ်တော် ဝေနေပုံ။



ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူခါနီး၌ နောင်လာ နောက်သားတို့ ကိုးကွယ်ရစ်ကြဘို့ရာ၊ ''အရိုးတော် ဓါတ်များသည် အစိတ်စိတ် ဖြစ်ရစ်စေသတည်း''ဟု မိန့်ခွာန်တော်မူခဲ့သည်၊ ပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားရသော အဇာတသတ်စသော မင်းတို့သည် ဓါတ်တော်များကို အနနှင့် မရလျှင် အကြမ်း ယူကြဘို့ရာ စစ်တပ်ကိုယ်စီဖြင့် ထွက်လာကြ၏၊ ဒေါဏပုဏ္ဏားသည် ထိုမင်းများ၏ ဆရာဖြစ်ဘူးသော သူတော်ကောင်း ပါမောက္ခကြီးတည်း။

ထိုဆရာကြီးသည် ဓါတ်တော်လုဘို့ရန် ဆူညံနေကြစဉ် မြင့်သောအရပ်သို့ တက်၍ ကြုံးဝါး လိုက်ရာ ဆူညံသံ တိတ်သွားလေသည်၊ ထိုအခါ ''ဆရာ့စကားကို နားထောင်ကြ၊ ငါတို့ ဗုဒ္ဓသည် သည်းခံခြင်းကို ဟောတော်မူလေ့ ရှိပါတယ်'' စသော စကားကို ပြောဆိုလေသည်။ ထို့နောက် ရှစ်ပြည်ထောင်မင်းများ ကျေနပ်ကြသဖြင့် ဆရာကြီး ကိုယ်တိုင် ရှစ်ပုံ ဝေပေးလိုက်ရာ စေတီတော် စသည်တွင်းသို့ ထည့်သွင်း ကိုးကွယ်ကြလေသည်။



၅၃။ ရှစ်ပြည့်ထောင်မင်းတို့အား ဒေါဏ ပါမောက္ခ
ဓါတ်တော်ဝေနေပုံ။



## ၅၄။ ။ရဟန္တာငါးရာနှင့်အတူ အရှင်မဟာကဿပ သံဂါယနာ တင်တော်မူပုံ။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီး နောက် ၇ ရက်လောက် ကြာသောအခါ အရှင်မဟာကဿပသည် ရဟန်းငါးရာဖြင့် ပါဝါပြည်မှ ကုသိနာရုံသို့ ကြွလာစဉ် ခရီးအကြား နားနေတုန်းမှာ ဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်း ကြားရ၍ ရဟန်းကလေးများ ငိုကြလေသည်၊ သုဘဒ္ဒမည်သော တောထွက်ကြီးကား၊ ''ငါ့ရှင်တို့ မငိုကြပါနှင့်၊ ရဟန်းဂေါတမ၏ အချုပ်ချယ်ကို ခံခဲ့ရလှပြီ၊ ယခု သူ့လက်မှ လွတ်ကြပြီ''ဟု ဝမ်းသာအားရ ပြောလေသည်။

ထိုစကားကိုကြား၍ အရှင်မြတ်ကြီးမှာ အနာဂတ်သာသနာအတွက် စိတ်စက်မချ သံဝေဂဖြစ်တော်မူခြင်းဖြင့် အောင့်အင်း သည်းခံခဲ့ရလေသည်၊ ထို့နောက် ဓါတ်တော်များ ဝေဘန်ပြီး၍ သံဃာများအလယ်ဘွင်-ဗုဒ္ဓတရားတော်များကို သဘောတူ ပေါင်းစု၍ သံဂါယနာတင်မထားလျှင် သုဘဒ္ဒလို လူစားတွေ ဖျက်ဆီးဘွယ် ရှိကြောင်း ပြောပြလျက် အဇာတသတ်မင်း အကူအညီဖြင့် ရဟန္တာငါးရာနှင့်အတူ သံဂါယနာ တင်တော်မူသည်။






၅၄။ ရဟန္တာငါးရာနှင့်အတူ ရှင်မဟာကဿပ သံဂါယနာ
တင်တော်မူပုံ။



## ၁၅။ ရဟန်းအချို့ ငွေအလှူခံသောကြောင့် အရှင်ယသထေရ် ဒုတိယသံဂါယနာတင်ရန် ကြိုးစားနေပုံ။

ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ်တရာလောက် ကြာသောအခါ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ရဟန်းတို့နှင့် မအပ်မရာသော အမှုတို့ကို ပြုကျင့်ကြကုန်၏၊ ဥပုသ်နေ့၌ လာသမျှ လူတို့ထံ တပဲတမူးကစ၍ ငွေအလှူခံကြကုန်၏၊ ထိုအခါ အရှင်ယသက ရဟန်းမှာ ငွေနှင့် မအပ်စပ်ကြောင်း ပြော၏၊ ထိုပြောသည့်အတွက် လူများ၏ သဒ္ဓါတရားကို ဖျက်သည်ဟု ဆိုကာ လူများကို တောင်းပန်ရသော ဝိနည်းကံတမျိုးကို ပြုကြလေသည်။

အရှင်ယသသည် လူတို့ထံသွား၍ ဘုရား တရားတော်အတိုင်း ရှင်းလင်း ပြောပြသောအခါ လူများသည် တရားမှန်ကိုသိကြသဖြင့် ငွေအလှူခံသူတို့ကို မကြည်ညိုကြတော့ချေ၊ အရှင်ယသလည်း တန်ခိုးကြီးမားသော ရဟန္တာကြီးများအထံ ချဉ်းကပ်၍ ထိုအမှုကို ဆုံးဖြတ်ပေးရန် လျှောက်ထားလေရာ, ရဟန်းများနှင့်မအပ်စပ်ကြောင်းဆုံးဖြတ်တော်မူကြလေသည်၊ထို့နောက် ရဟန္တာခုနစ်ရာကို ရွေးချယ်လျက် ဒုတိယသံဂါယနာတင်တော်မူကြလေသည်။






၅၅။ ရဟန်းအချို့ ငွေအလှူခံသောကြောင့် အရှင်ယသထေရ်
ဒုတိယသံဂါယနာတင်ရန် ကြိုးစားနေပုံ။



## ၅၆။ နိဂြောဓသာမဏေကလေးကို ရာဇပလ္လင်တော်၌ ဓမ္မာသောကမင်း ဆွမ်းကပ်နေပုံ။



သိရီဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာဝင် မဖြစ်မီတုန်းက ပုဏ္ဏားတို့အား အမြဲ ထမင်းကျွေးလေ့ရှိ၏၊ တနေ့သ၌ တည်ငြိမ်သန့်ရှင်မှု မရှိဘဲ စားသောက်နေကြပုံကို မြင်၍ ''ဤမျှလောက်ကြီးကျယ်သော ဒါနကို သင့်တော်တဲ့ နေရာ၌သာ ပေးလှူသင့်သည်'' ဟု စဉ်းစားမိ၏၊ ကာလအတော်ကြာသော် နန်းတော်မြေပြင် လူသွားလမ်း ပေါ်၌ ဟိုဟိုသည်သည် မကြည့်ဘဲ ဣန္ဒြေရရ ကြွသွားနေသော နိဂြောဓ သာမဏေကို တွေ့မြင်ရလေသည်။

ထိုသို့မြင်ရရုံဖြင့် အလွန်ကျေနပ်ရကား အမြန်ပင့်ခေါ်စေ၍ သင့်တော်သောနေရာ၌ ထိုင်ပါဟု ပြောလျှင် ထီးဖြူစိုက်သော ရာဇပလ္လင်သို့ တက်၍ ထိုင်လေသည်၊ ပွဲတော် ဆွမ်းဟင်းများကို ဆက်ကပ်ပြီးသောအခါ သာတော်တို့ဆရာ ပေးလေ့ရှိသော ဩဝါဒတရားကို ဟောပေးပါဟု တောင်းပန်ရာ ''အရာရာ၌ သတိထားခြင်းသည် မသေဘို့အကြောင်း၊ မေ့လျော့ခြင်းကား သေရဘို့ အကြောင်း''ဟု နာရ၍ သာသနာ့ပြုမင်း ဖြစ်သွားလေသည်။



၅၆။ နိဂြောဓသာမဏေကလေးကို ရာဇပလ္လင်တင်၍
ဓမ္မာသောကမင်း ဖူးမျှော်နေပုံ။



## ၅၇။ ။မောဂ္ဂလိပုတ္တတိဿထေရ် အမှူးထား၍ တတိယသံဂါယနာ တင်တော်မူကြပုံ။

ဓမ္မာသောကမင်းသည် ဗုဒ္ဓသာသနာတော်၏ အဆီအနှစ်ကို ကောင်းစွာ သိသော အခါ သာသနာတော်ကို လွန်စွာ ထောက်ပံ့၍ တိုင်းသူပြည်သားကို တရားတော် လိုက်နာအောင် အရပ်ရပ်၌ တရားကျောက်တိုင်များကို စိုက်ထူကာ နိုင်ငံတော် သာယာ ကျယ်ပြန့် စေလေသည်၊ ထိုအခါ တိတ္ထိတစုသည် အစားအသောက် ကြပ်တည်းမှုကြောင့် မိမိတို့ဘာသာ သင်္ကန်းဝတ်ကြ ပြီးလျှင် ရဟန်းယောင် ဆောင်ကာ မိစ္ဆာအယူများကို ဟောပြလေသည်။

ထိုအခါ ရဟန်းကောင်းတို့သည် ထိုရဟန်းတုများနှင့် မပေါင်းနိုင်ကြသောကြောင့် သံဃကိစ္စတို့၌ အနှောင့်အယှက် ဖြစ်နေကာ မင်းတရားကြီးသည် သာသနာသန့်ရှင်း စေရန် မောဂ္ဂလိပုတ္တတိဿ မထေရ်နှင့် တိုင်ပင်ရလေသည်၊ ထို့နောက် မိစ္ဆာအယူရှိသူတို့ကို မင်းကြီး ကိုယ်တိုင် လူထွက်ခိုင်းကာ သာသနာတော် သန့်ရှင်းစေပြီးမှ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးထား၍ တထောင်သော ရဟန္တာ အရှင်မြတ်တို့ တတိယ သံဂါယနာ တင်တော်မူကြလေသည်။






၅၇။ မောဂ္ဂလိပုတ္တတိဿထေရ် အမှူးထား၍ တတိယသံဂါယနာ
တင်တော်မူကြပုံ။



## ၅၇။ ဒုဋ္ဌဂါမဏီမင်း စစ်ချီရာသို့ သံဃာတော်များကို ပင့်သွားပုံ

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိအဘယ မင်းသည် သာသနာကို လွန်စွာ စောင့်ရှောက်သော သာသနာပြု မင်းတည်း၊ ထိုမင်းသည် တနေ့သ၌ သာသနာတော်၏ အနှောင့်အရှက်ဖြစ်သော ကျည်းမင်းတို့ကို စစ်တိုက်ထွက်ခါနီး၀ယ် ကျောင်းတိုက်သို့သွား၍ ဆရာတော်ကြီးများကို လျှောက်သည်မှာ––ဒကာတော်သည် သာသနာတော် ထွန်းပစိမ်သောငှါ ဂင်္ဂါတဘက်သို့ သွားရပါမည်၊ ရဟန်းတော်များကို မပြတ် ဖူးမြော်ဘိုရာ လိုက်ပါစေလိုပါသည်။

ယိုအခါ ဆရာတော်ကြီးများသည် အရွယ်ကောင်းသော ရဟန်း ငါးရာကို ထည့်လိုက်ကြ၏၊ မင်းတရားသည် ရဟန်းများကို ဆွမ်းဆေးစသည် လှူဒါန်းဖူးမြော်ရင်း သာသနာသန့်ရှင်းဘိုကိစ္စကို ဆောင်ရွက်ရှာလေသည်၊ ထိုမင်းကား မိမိစွဲကိုင်သော လှံများ၌ ဘုရားဓါတ်တော်ကို ထာပနာထား၏၊ သူ၏ ဆောင်ပုဒ်စကားမှာ––''ငါ ချမ်းသာဘို့မဟုတ်ပါ, သာသနာတည့်တံ့ဘို ဤမျှလောက် ကြိုးစားနေပါသည်''–ဟူ၏။





၅၈။ ဒုဋ္ဌဂါမဏိမင်းစစ်ချီရာသို့ သံဃာတော်များကို
ပင့်သွားပုံ။



## ၅၃။ ဝဋ္ဋဂါမဏိမင်း လက်ထက်၌ ပေထက်အက္ခရာ တင်တော်မူနေပုံ။



ဘုရာ လက်ထက်တော်မှ စ၍ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက် တိုင်အောင် ဗုဒ္ဓ၏ တရား ပိဋကတ်တော်များကို ရဟန်းတော် အဆက်ဆက်တို့ အရကျက်၍ နှုတ်ပါဌ် ဆောင်တော်မူခဲ့ကြပေသည်၊ ဝဋ္ဋဂါမဏိမင်းလက်ထက်၌ကား ဗြာဟ္မဏတိဿ သူပုန်ထမှုမှစ၍ မိစ္ဆာမင်းတို့နှောင့် ရှက်နေခြင်း ကြောင့် ဆွမ်းအာဟာရ မမျှတသဖြင့် နှုတ်ရ ကျက်ပြီးသောစာကို မပျောက်ပျက်အောင် ခဲယဉ်းစွာ ဆောင်ကြရလေသည်။

ထို့ကြောင့် နောင်သောအခါ ရဟန်းတော်များသည်နှုတ်ရမဆောင်နိုင်လျှင် ပိဋကတ်တော်များကွယ်ပျောက်သွားမည်ကို စိုးရိမ်တော်မူရကား ဝဋ္ဋဂါမဏိမင်း၏အကူအညီကိုယူ၍ရဟန်းတော်များသည် ပိဋကတ် တရားတော်များကို ပေရွက်ပေါ်၌ရေး၍ စတုတ္ထ သံဂါယနာ တင်တော်မူခဲ့ကြရပေသည်၊ ထိုသို့ ပေရွက်အတက်၌ စာလုံးအက္ခရာ ရေးတင်မှုကို အကြောင်းပြုကာ ''ပေထက် အက္ခရာ တင်''ဟု ခေါ်ဝေါ်ကြလေသည်။




၅၉။ ဝဋ္ဋဂါမဏိမင်းလက်ထက်၌ ပေထက်အက္ခရာတင်တော်

## ၆၀။ ။ပုဂံပြည်အနော်ရထာမင်းစော ပိဋကတ်တော်များ ပင့်ဆောင်တော်မူပုံ။



ပုဂံပြည် အနော်ရထာ မင်းစောသည် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွါးအလို့ငှါ သထုံပြည်မှ ပိဋကတ်တော်များကိုပင့်ဆောင်တော်မူပြီးသောအခါ သရေခေတ္တရာပြည်ရှိဗွတ္တဘောင်မင် ကြီး၏ကောင်းမှုတော်စေတီမှ ဘုရားသခင်၏နဖူးသင်းကျစ်တော်ဓါတ်ကို ပုဂံပြည်သို့ပင့်ဆောင်တော်မူသည်၊ ပုဂံပြည်သို့ ရောက်သော် ပုဂံမြို့အနီး၊ ရောဝတီမြစ်ကမ်းပါး၊ သဲစည်းခုံတွင် စေတီတည်တော်မူ၍၊ သင်းကျစ်တော်ကို ဌာပနာတော်မူသည်၊ ပစ္စယာသုံးဆင့်သို့ ရောက်သောအခါ သီဟိုဠ်ကျွန်းမှ စွယ်တော်ပွါးတဆူကို ပင့်ဆောင်ပြန်၍၊ ဤစေတီ၌ပင် ဌာပနာတော်မူပြန်သည်၊ စေတီမပြီးမီ အနော်ရထာမင်းစော နတ်ပြည်စံတော်မူလေ၏။

ထို့နောက် ကျန်စစ်သားမင်းကြီး နန်းတက်သောအခါ ရှင်အရဟံ တိုက်တွန်းသောကြောင့် စေတီတော်ကို ဆက်လက်တည်တော်မူသည်၊ သဲစည်းခုံတွင် တည်သည်ဖြစ်၍ ရွှေစည်းခုံစေတီဟု ကင်ရွာသည်၊ သက္ကရာဇ် ၃၉၃ ခုတွင် အနော်ရထာမင်းစော စ၍ တည်သည်၊ ၄၅၂ ခုတွင် ကျန်စစ်မင်းကြီး ဆက်လက်တည်တော်မူ၍ ရွှေထီး အထွတ် တင်လှူတော်မူသည်။





၆၀။ ပုဂံပြည်သို့ အနော်ရထာမင်းစော ပိဋကတ်တော်များ
ပင့်ဆောင်တော်မူပုံ။

# ၆၁။ ပုဂံမြို့ အာနန္ဒာဘုရား။



တရံရောအခါရဟန္တာရှစ်ပါးတို့သည် ပုဂံပြည်ထီးလိုင်ရှင်ကျန်စစ်သား မင်းကြီး၏နန်းတော်၌ ဆွမ်းရပ်လာ၏၊ မင်းကြီးလည်း သပိတ်ကို ယူတော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူပြီးသော် အဘယ် အရပ်ကကြွလာတော်မူကြပါသနည်းဟူ၍ မေးတော်မူ၏၊ရဟန္တာမြတ်တို့လည်း ဂန္ဓမာဒနတောင်မှ ကြွလာကြကြောင်းကို ပြန်တော်မူကြ၏၊ ထီးလိုင်ရှင်မင်းကြီးလည်း အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ရဟန္တာတို့အား ဝါဆိုကျောင်း ဆောက်လုပ်လှူဒါန်းတော်မူ၏၊ နန်းတော်သို့ပင့်၍လည်း ဝါတွင်း သုံးလ ပတ်လုံး ဆွမ်းမပြတ် လုပ်ကျွေးတော်မူ၏၊

တနေ့သောအခါ ရဟန္တာမြတ်တို့အား ဂန္ဓမာဒနတောင်၌ နန္ဒမူလိုဏ်ကဲ့သို့ သဏ္ဌာန်တူစွာ တန်ခိုးဖြင့်ပြုတော်မူပါဟူ၍ တောင်းပန်တော်မူ၏၊ ရဟန္တာမြတ်တို့လည်း ထိုနှင့်တူစွာ တန်ခိုးဖြင့် ဖြစ်စေ၏၊ ထီးလိုင်ရှင်မင်းကြီးလည်း ထိုနန္ဒမူလိုဏ်သဏ္ဌာန်ဂူကြီးစွာတည်တော်မူ၍ နန္ဒာ ဟူသော အမည်ကို သမုတ်တော်မူ၏၊ ယခုအခါ အာနန္ဒာဘုရားဟု တွင်သည်၊ ဘုရားတည်သောသက္ကရာဇ် မှာ ရွှေ၊ ပွင့်၊ ကြာ၊ နန္ဒာစိန္တေ တည် ဟူသော သင်္ကေတ အရ၊ သက္ကရာဇ် ၄၅၂ ခု ဖြစ်သည်၊ အာနန္ဒာဘုရားကား အကောင်းဆုံးသော မြန်မာ ဗိသုကာ လက်ရာဖြစ်သည်ဟု ကမ္ဘာပေါ်တွင် ထင်ရှားပေသည်။





၆၁။ ပုဂံပြည်ရှင် ကျန်စစ်မင်းသည် အာနန္ဒာဘုရားကြီးကို
တည်တော်မူပုံ။



## ၆၂။ ရန်ကုန်မြို့၊ ရွှေတိဂုံစေတီ။

ရှေးသရောအခါ ဥက္ကလာပမြို့မှ တပုဿနှင့်ဘလ္လိက အမည်ရှိကုန်သော ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားသခင် ပေးသနားတော်မူအပ်ကုန်သော ဆံတော်မြတ်တို့ကို မဇ္ဈိမဒေသမှ ပင့်ဆောင်ခဲ့ကြ၍၊ သိင်္ဂုတ္တရကုန်းတော် ရှေးဘုရားသုံးဆူတို့၏ ဓါတ်တော်မွေတော်များကိန်းဝပ်ရာ ရွှေကညင်ပင်ရင်း၌ ဌာပနာကာ စေတီတည်ကြသည်၊ ဤစေတီ၌ သန်-ဂုံ-ပ-မ ဟူသော ဘုရားလေးဆူတို့၏ ဓါတ်တော်မွေတော်များ စုပေါင်းကိန်းဝပ်တော်မူကြသဖြင့် လေးဆူဓါတ်ပုံ ဟု ဖွဲ့ဆိုကြသည်၊ တိဂုမ္ဘနဂရ ခေါ် တိဂုံမြို့ကိုစွဲ၍ ရွှေတိဂုံစေတီဟု တွင်သည်။

ဤစေတီကို မွန်မင်းအဆက်ဆက်၊ မြန်မာမင်း အဆက်ဆက်တို့ ဆက်လက်ပြုပြင် မွမ်းမံကြရာ ယခုအခြေသို့ရောက်ခဲ့သည်၊အထူးသဖြင့်ကား ၊ ဟံသာဝတီဘုရင်မကြီးရှင်စောပုသည် အရွယ်တော်ကြီးရင့်သောအခါ ထီးနန်းစည်းစိမ်ကို စွန့်ခဲ့၍ စေတီတော်၏အနောက်မြောက်ဘက် သာယာသော မြေအရပ်၌ မြို့နန်းတည်ကာ စေတီတော်ကို မပြတ်ဖူးမြော်ပူဇော်လျက် စံနေတော်မူသည်၊သက္ကရာဇ် ၈၃၁ ခုနှစ်၊ သက်တော် ၇၆ တွင် ဘုရင်မရှင်စောပုသည် စေတီတော်ကို ဦးခိုက်၍ ကံကုန်တော်မူရှာသည်၊ ဘုရင်မကြီးစံတော်မူရာ မြို့နန် နေရာကို ယနေ့တိုင် ရှင်စောပုမြို့ကုန်းဟု ခေါ်ကြသည်။





၆၂။ ဟံသာဝတီပြည့်ရှင် ဘုရင်မ ရှင်စောပုသည် တိဂုံ ဆံတော်ရှင်
အား-ကြည်ညိုနေပုံ။



## ၆၃။ ပဲခူးမြို့ ကလျာဏီသိမ်း

ရှေးအခါက ရာမညတိုင်းနှင့် မြန်မာပြည်တွင် သံဃာတို့သည် ဂိုဏ်းအသီးသီးကွဲ၍ အယူအမျိုးမျိုးယူကြကုန်၏၊ ဘုရားရှင့်သာသနာတော်သည် ညစ်နွမ်းခဲ့၏၊ ထိုအခါ ဟံသာဝတီဘုရင် ရာမာဓိပတိ ဘွဲ့မည်ရှိသော ဓမ္မစေတီမင်းတရားသည် သာသနာတော်မြတ် သန့်ရှင်း စင်ကြယ်ရာ အကြောင်းကိုရှေးရှု၍၊ သက္ကရာဇ် ၈၃၇ ခုနှစ်၌၊ ရဟန်းတော်လေးဆဲ့လေးပါးတို့ကို သီဟိုဠ်ကျွန်းသို့ ပို့ဆောင်ပြီးသော်၊ ကလျာဏီမြစ်အတွင်း ရေသိမ်၌ ဥပသမ္ပဒကံ ပဉ္စင်းသစ် ခံယူစေသည်။

ထိုရဟန်းတော်များ ပြန်ကြွလာသောအခါ ဟံသာဝတီပဲခူ ပြည်၌ သိမ်အသစ် သမုတ်စေ၍၊ စင်ကြယ်သော သာသနာတော်သစ်ကို ပြုစုတော်မူသည်၊ ထို သိမ်တော်သစ်ကို သီဟိုဠ်ကျွန်း ရှိ ကလျာဏီမြစ်ကိုစွဲ၍ ကလျာဏီသိမ်တော်ကြီး ဟုတွင်စေသည်၊ သာသနာဝင်နှင့်တကွ သိမ်တော်ကြီး သမိုင်းကို မွန်ဘာသာ ပါဠိဘာသာတို့ဖြင့် ကျောက်ထက် အက္ခရာ တင်ထား သည်မှာ ယနေတိုင် ထင်ရှာ တည်ရှိပေသေးသည်။






၆၃။ ဓမ္မစေတီမင်းတရားသည် သာသနာတော်အတွက်
ကလျာဏီသိမ်တော်ကြီးကို တည်တော်မူပုံ။



## ၆၃။ မင်းတုန်းမင်းတရားကြီး ကျောက်ထက် အက္ခရာတင်ပုံ။



မန္တလေးမြို့ နန်းကို တည်ထောင်တော်မူသော မင်းတုန်း မင်းတရားသည် သာသနာတော်ကို လွန်စွာ ချီးမြှောက်တော်မူ၏၊ ပိဋကတ် တတ်ကျွမ်းသည်ဟု ထင်ရှားသော ဆရာတော်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်၍ ပစ္စည်း ၄ ပါးကိုလည်း ထောက်ပံ့လှူ ရှိ၏၊ မြို့တော်၏အရှေ့ပြင်၌ ကျောင်းတိုက်ကြီးများကို တည်ဆောက်၍ များစွာသော သံဃာတော်များ၏ သီတင်းသုံးဘို့ရာ တိုက်တာ အာရာမ် ပြုလုပ်လှူဒါန်း၏။

ထိုမျှလောက် သာသနာ ပြုရသော်လည်း တင်းတိမ်အားရခြင်း မရှိသေးရကား ဘွဲ့တံဆိပ်တော်ရ ဆရာတော်များတွင် သာ၍ကျော်ကြား ထင်ရှားသောဆရာတော်ကြီးများကို ကြပ်မစေလျက် ဗုဒ္ဓမြတ်စွာ၏ ပိဋကတ်တော်များကို ကျောက်ပြားပေါ်၌ ထွင်းစေကာ ကျောက်ထက် အက္ခရာတင်တော်မူ၏၊ ထိုသို့ ကျောက်ထက် အက္ခရာတင်မှုကို အကြောင်းပြုကာ ယခုအခါ၌ ''ပဉ္စမ သံဂါယနာတင် မင်းတရား''ဟု ထင်ရှားလေသည်။




၆၄။ မင်းတုန်းမင်းတရားကြီး ကျောက်ထက်အက္ခရာတင်ပုံ။



## ၆၃။ ။ရှေးမြန်မာမင်းများလက်ထက်၌ အလှူဒါနဖြင့် ပျော်ရွှင်ကြသော ပဒေသာပင် လှူလာပုံ။



ရှေးမြန်မာမင်းများ လက်ထက်၌ မင်းတို့သည် တရားစောင့်သော မင်းကောင်းများဖြစ်၍ မှူးမတ်တို့လည်း အများအားဖြင့် တရားစောင့်ကြကုန်၏၊ ထိုမှူးမတ်တို့၏ လက်အောက်အမှုထမ်းများလည်း မတရားမှုကိုမပြုရကြကုန်၊ တိုင်းသူပြည်သားလူများတို့ တရားစောင့်ကြရာ၊ အလွန်မကြာသေးသောထိုအချိန်အခါ၌ မိုးတို့သည်မှန်ကုန်၏၊ ကုန်းခေါင်ခေါင်လယ်များ၌ပင် အောင်မြင်စွာ လယ်လုပ်နိုင်ကြကုန်၏။

နိုင်ငံခြားမှ အဝတ်နှင့် စားကုန်သောက်ကုန် အလှကုန်လည်း ယခုလိုမဝင်လာသောကြောင့် နိုင်ငံခြားသို့ ငွေမထွက်ချေ၊ ဆီဆန်စပါးတို့မှာ မကုန်နိုင်အောင် ပေါများခဲ့လေ၏၊ လူတို့သည် သူခိုးဓါးမြဘေးမှ ကင်းဝေးကာ ချမ်းသာပျော်မွေ့ကြသောကြောင့် ဘုရားပွဲစသော အလှူဒါန အခါကြီးတို့ဝယ် တိုင်းရင်းဖြစ် မုန့်ပဲ ငှက်ပျောအုန်း စသည်ကို ပဒေသာပင် ဆွဲ၍ ပျော်ပွဲတခုအနေ လှည့်လည်တတ်ကြပေသည်။



၆၂။ ရွှေမြန်မာမင်းများလက်ထက်၌ အလှူဒါနဖြင့်
ပျော်ရွှင်ကာ နေကြပုံ။